EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၈) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဩဂုတ် ၁၃ ၊ ၂၀၁၈)

## “ကေအိုင်အိုအနေနဲ့ ဆွေးနွေးအဖြေရှာပြီး တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ လိုလားပါတယ်။ ခက်ခဲပေမယ့် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ် ”

ဗိုလ်ချုပ် ဂွန်မော် နှင့် အင်တာဗျူး

စာ - ၅ သို့ »





## လိုင်ဇာမြို့တွင် ၄၃ နှစ်မြောက် ကချင်အာဇာနည်နေ့ကျင်းပ

စာ - ၁၁ သို့ »



## မြစ်ကြီးနားမြို့ ပေါ်ရပ်ကွက်အချို့မှ ပျက်စီးနေသည့်လမ်းများ (Photo Essay)

စာ - ၂/၃ သို့ »



## ကုန်ကားကြီး ၂၀ ကျော်ဖြင့် တင်သွင်းလာသော တရားမဝင် ကုန်ပစ္စည်းများကို ဝန်ကြီးကိုယ်တိုင် ဖမ်းဆီးခဲ့

စာ - ၁၈ သို့ »




## ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရဲ့ ရှစ်လေးလုံးအစ

စာ - ၇ သို့ »

# မြစ်ကြီးနားမြို့ ပေါ်ရပ်ကွက်အချို့မှ ပျက်စီးနေသည့်လမ်းများ (Photo Essay)

ဓာတ်ပုံ - Salai



ရှမ်းစုမြောက်ရပ်ကွက်ရှိ ညဈေးတန်းလမ်း



ရွှေညောင်ပင်ရပ်ကွက် နှင့် ကျွန်းပင်သာ ရပ်ကွက် ကြားလမ်း



ကျွန်းပင်သာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့လမ်း



အေးစေတီ ရပ်ကွက် အဝိုင်းပတ်



ရှမ်းစုမြောက်ရပ်ကွက်ရှိ ညဈေးတန်းလမ်း



အေးစေတီ ရပ်ကွက်



အေးစေတီ ရပ်ကွက် အဝင်လမ်း



အေးစေတီ ရပ်ကွက်



ရှမ်းစုမြောက် ရပ်ကွက်



ရှမ်းစုမြောက် ရပ်ကွက်

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဖားကန့် ⇄ မိုးညှင်း ⇄ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀

မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀

နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧနမ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်

ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈားရော အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့

မြစ်ကြီးနား 09-440064211,09-440064288,09-456469223

မိုးကောင်း 09-264145613,09-42465070,09-454097368

ဖားကန့် 09-766577944,09-258029160, 09-796517743

မိုးညှင်း 09-400053210, 09-790215384

ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688

ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210

ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493

လက်မှတ်အရောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန

အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့ မြစ်ကြီးနား

Ph: 09-404895206, 09-404895207

VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

မြစ်ကြီးနားမြို့တွင်း လမ်းမများမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့
ပြုပြင် မှုတွေနဲ့ ကောင်းမွန်လာခဲ့ပါတယ် ။
ရပ်ကွက်အချို့ရဲ့ လမ်းတွေကတော့ ပျက်စီးမှုတွေရှိနေသေးတာကို
မြစ်ကြီးနားသတင်းဂျာနယ်က ဓာတ်ပုံသတင်းအနေနဲ့
ဖော်ပြပေးလိုက်ပါတယ် ။



မြို့သစ်ရပ်ကွက်




ရှမ်းစုမြောက် ရပ်ကွက် ဘူတာရုံကျော် အနီး



တပ်ကုန်း ရွှေလမ်းမ ကားကြီးကွင်းအနီး



ဒူကထောင် ရင်ခွဲရုံလမ်း



တပ်ကုန်း ရွှေလမ်းမ ကားကြီးကွင်းအနီး



တပ်ကုန်း ရွှေလမ်းမ ကားကြီးကွင်းအနီး



တပ်ကုန်း ရွှေလမ်းမ ကားကြီးကွင်း အဝင်လမ်း



ဒူကထောင် ရင်ခွဲရုံလမ်း



မြို့သစ်ကြီးရပ်ကွက်



သီတာရပ်ကွက် ယခင်ကားကြီးကွင်း ဟောင်း အဝင်လမ်း



သီတာရပ်ကွက် ယခင်ကားကြီးကွင်း ဟောင်း အဝင်လမ်း

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းများထုတ်ပြန်

မြစ်ကြီးနား၊ ဩဂုတ် ၉

မြစ်ကြီးနားမြို့နယ်တွင် လစ်လပ်နေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် လာမည့်နိုဝင်ဘာလ ၃ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ ထိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတို့၏ အမည်စာရင်းများကို ဩဂုတ်လ ၆ ရက်တွင် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီ ၆ ခုမှ ကိုယ်စားလှယ်လောင်း ၆ ဦးတို့က အမည်စာရင်းတင်သွင်းထားကြောင်း ရွေးကောက်ပွဲအရာရှိ ဦးကျော်စိုးအောင်က ပြောသည်။

အဆိုပါကိုယ်စားလှယ် ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စု တိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ် MD ခေါ်ညွယ်၊ တစ်သီးပုဂ္ဂလအနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်း၊ ကချင်ဒီမိုက ရက်တစ်ပါတီမှ ဦးအောင်ခမ်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့တို့ဖြစ်သည်။

ဩဂုတ်လ ၆ ရက်နေ့မှ စတင်ကာ ရပ်ကွက်/ကျေးရွာရုံးများနှင့် သိသာထင်ရှားသည့်နေရာများတွင် ယှဉ်ပြိုင်ရန် စာရင်းပေးထားသည့် ကိုယ်စားလှယ် ၆ ဦးတို့၏ အမည်နှင့် ဓာတ်ပုံများကို အများပြည်သူမြင်သာ မည့်နေရာများတွင် ထုတ်ပြန်ကြေညာထားပြီး ကိုယ်စားလှယ်လောင်းများတွင် မဲဆွယ်စည်းရုံးခွင့်မရကြသေးကြောင်း သိရသည်။


“ဒီအဆင့်ပြီးရင်တော့ ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးကာလပေါ့။ အချိန်က တစ်လဖြစ်မလား၊ နှစ်လဖြစ်မလားဆိုတာကတော့ပြည်ထောင်စုက သတ်မှတ်ရမှာပေါ့ မဲဆွယ်တစ်လ သို့မဟုတ် နှစ်လရှိမယ်”ဟု ဦးကျော်စိုးအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယခင်အစိုးရလက်ထက်က ပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးချိန်တစ်လ သတ်မှတ်ခဲ့သည်။

“ကျန်တဲ့အချိန်မှာတော့ သူတို့ ပုံမှန်လှုပ်ရှားမှုတော့ လုပ်လို့ရတယ်။ ပါတီရဲ့စည်းရုံးရေးလုပ်ငန်းတွေကတော့ သူ့အချိန်ကျမှ လုပ်လို့ရမယ်။ ဆိုင်းဘုတ်တင်တာတို့ စာပေဟောပြောတာတို့ကတော့ ငြိမ်း၊ စု၊ စီ ဥပဒေနဲ့ လုပ်လို့ရမယ် ပါတီရုံးမှာဆိုတင်စရာမလိုဘူး ရပ်ကွက်တွေ လမ်းတွေမှာ အများပြည်သူရဲ့ လုပ်ကိုင်တဲ့ နေရာမှာဆိုရင်တော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရဲတွေခေါ်ပြီးတော့ လုပ်လို့ရတယ်”ဟု ရွေးကောက်ပွဲအရာရှိ ဦးကျော်စိုးအောင်က ပြောသည်။

မြစ်ကြီးနားမြို့နယ် အတွင်း မဲရုံပေါင်း ၁၁၄ ရုံ၊ မဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကျော်ခန့် ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

Salai



ပုံစံ (၁၀)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်
(နည်းဥပဒေ ၃၅)

ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)

| အမှတ်စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် မှတ်ပုံတင်အမှတ် | ကိုယ်စားပြုသောပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ | ကိုယ်စားပြုသောပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ၏ သင်္ကေတအမှတ်အသား | လွှတ်တော်ကိုယ်စားလှယ်လောင်း၏ နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁။ | ဦးကွမ်ဂေါင်အောင်ခမ်း ၁/မခဘ(နိုင်)၀၁၀၃၃၉ | ကချင်ဒီမိုကရက်တစ်ပါတီ | KDP KACHIN DEMOCRATIC PARTY | အမှတ်(၁၄၇)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| ၂။ | ဒေါ်ခင်အုန်း ၁/မကန(နိုင်)၀၁၇၈၆၅ | ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ | | အမှတ်(၂၄၀)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| ၃။ | ဦးဆီဟူးဒွေ့ ၁/ပတအ(နိုင်)၀၂၄၇၅၀ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | အမှတ်(၄၄၈)၊ လမ်းသွယ်(၂၁)၊ ဓမ္မသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| ၄။ | ဒေါ်ယမ်ခေါန် ၁/မကန(နိုင်)၀၂၉၇၂၉ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | | အမှတ်( ၅၃ )၊ ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| ၅။ | ဒေါက်တာသန်းထိုက်ဦး ၉/မရမ(နိုင်)၀၆၇၁၀၉ | တစ်သီးပုဂ္ဂလ | | အမှတ်(၃၉/ခ)၊ ရေသန့်ရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။ |
| ၆။ | ဒေါ်အမ်ဒီခေါ်ညွယ် ၁/ဝမန(နိုင်)၀၄၆၄၁၂ | ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ | | အမှတ်(၁၅၄)၊စံပြ၊တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။ |

အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်၍ ရွေးကောက်တင်မြှောက်ခံကြမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရက်စွဲ ၊ ၆ - ၈ - ၂၀၁၈

ဥက္ကဋ္ဌ
ခရိုင်ကော်မရှင်အဖွဲ့ခွဲ
မြစ်ကြီးနားမြို့

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်၊ ဇော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ဇော်နိုင်ဦး

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါင်ဒေါင်နုတ်

အငယ်တန်းသတင်းထောက်
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန့် (Benadeth)

နယ်သတင်းထောက်
သန်းထွန်းအောင်၊

ကွန်ပျူတာစာစီ
ဝေဝေအောင်

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
La Tawng

မြစ်ကြီးနားရုံးတာဝန်ခံ
နိုနိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

စာရင်းကိုင်
နန်အောင်

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး၊ ဂျာစင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုန်

တန်ဖိုး
၅၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၁)

ဆက်သွယ်ရန်
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။



မြစ်ကြီးနားသတင်းဂျာနယ်

အပတ်စဉ် တနင်္လာ နေ့တိုင်း ထွက်

ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်
၀၉- ၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃

Online မှ Pdf မှာယူလိုသူများ myitkyinajournal@gmail.com သို့ဆက်သွယ်နိုင်ပါသည်။

လပေးနှစ်ချုပ် မှာယူလိုသူများ ဆက်သွယ်ရန်
၀၉- ၄၇၉၄၇၂၉၀၂၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉- ၂၅၆၃၆၀၂၇၄

# တပ်မတော် နှင့် ကေအိုင်အိုတို့ တရုတ်နိုင်ငံ တာလီမြို့တွင် တွေ့ဆုံဆွေးနွေးမှုရလဒ်

## ဗိုလ်ချုပ် ဂွန်မော်နှင့်အမေးအဖြေ



ဓာတ်ပုံ - Salai

**တရုတ်ပြည်မှာကျင်းပသွားတဲ့ ဆွေးနွေးပွဲမှာ ကေအိုင်အို ဘက်က ဗိုလ်ချုပ်အပြင် ကေအိုင်အိုက ဘယ်သူတွေ လိုက်ပါသွားသလဲ။ တပ်မတော်ဘက်ကရော ဘယ်သူတွေ တက်ရောက်ပါသလဲ။**

ဒီလ၅ရက်နေ့ က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တာလီမြို့မှာ ကေအိုင်အိုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ ဦးဆောင်တဲ့အဖွဲ့နဲ့ ဒုဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်တဲ့ (တပ်မတော်)အဖွဲ့တို့ တွေ့ဆုံခဲ့ကြပါတယ်။

ဒီလ ဇူလိုင်လ ၂၀ ရက်နေ့ ကေအိုင်အိုဥက္ကဋ္ဌနဲ့ ဒုဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ တွေ့ဆုံစဉ်က ဒုဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) ကတစ်ဆင့် ပေးပို့တင်ပြထားတဲ့ အကြောင်းအရာ ၆ ချက်ကို ဆွေးနွေးဖို့ KIO ဥက္ကဋ္ဌက တင်ပြခဲ့ပါတယ်။ ထိုဆွေးနွေးပွဲမှာ KIO ဥက္ကဋ္ဌ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာ ၆ ချက်အပေါ်အခြေခံပြီး ဆွေးနွေးကြရန်

(၁)၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ချုပ်ဆိုခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ နှစ်ဦးနှစ်ဘက် နားလည်သဘောတူညီချက်များအပေါ်တွင် အခြေခံပြီး အပစ်အခတ်ရပ်စဲရေးကိစ္စ ဆက်လက်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် နှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော ၂၀၁၃ ခုနှစ် မေလ ၃၀ နှင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက် သဘောတူညီချက်များကိုလည်း ဆက်လက်ထိန်းသိမ်းလေးစားလိုက်နာရန်။

(၂)အထက်ဖော်ပြပါ သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် ရေးသားဖော်ပြခြင်းမရှိသော ကြိုတင်ချုပ်ချယ်ကန့်သတ်ချက်များ မထားရှိရန်။

(၃)ထင်သာမြင်သာရှိသည့် အပစ်အခတ်ရပ်စဲရေး ဖော်ဆောင်သွားရန်။

(၄)အကောင်အထည်ဖော်ဆောင်ရာတွင် လေးနက်ထိရောက်မှုရှိစေရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ကြားဝင်ဆောင်ရွက်ပေးရန်။

(၅) IDP's ဆိုင်ရာ ကိစ္စများကို ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားရန်။

(၆)နှစ်ဘက် သဘောတူညီသော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စာချုပ် ချုပ်ဆိုရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရမှ သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးရန်။

**အဲဒီဆွေးနွေးပွဲက အချိန်ဘယ်လောက်ကြာခဲ့လဲ။ အစည်းအဝေးကို မပြီးဆုံးခင် ဆွေးနွေးပွဲပျက်သွားတယ်လို့ သတင်းမီဒီယာမှာ ရေးသားထားတာ တွေ့ရတယ် ဟုတ်ပါသလား။ ဘာကြောင့် ပျက်ခဲ့ရတယ်ဆိုတာကို နည်းနည်းလောက် ပြောပြပေးစေချင်ပါတယ်။**

အစည်းအဝေးကတော့ တစ်နာရီနီးပါး ဖြစ်ပါတယ်။ အစည်းအဝေး ပျက်သွားတယ်လို့ မဟုတ်ပါဘူး။

KIO ဥက္ကဋ္ဌက ကြိုတင်အကြောင်းကြား တင်ပြထားတဲ့ အကြောင်းအရာ ၆ ချက်အပေါ် ဆွေးနွေးလိုကြောင်း ပြောခဲ့ပေမယ့် တပ်မတော်ဘက်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ ငြိမ်းချမ်းရေး ကမ်းလှမ်းစဉ်က ကြေညာခဲ့တဲ့

၁။ ဒို့တာဝန်အရေးသုံးပါးကို လက်ခံရန်

၂။ ပြည်ထောင်စုမှ ခွဲထွက်ရေး စကားမပြောရန်

၃။ ယခု လက်ရှိသွားနေသော ရွေးကောက်ပွဲလမ်းကြောင်းနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံပြီး ပါဝင်မည်ဟု ကတိပြုရန်။

ဆိုတဲ့ အချက် ၃ ချက်ကို လက်ခံပြီးမှသာ ဆက်လက်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြောပါတယ်။

**တွေ့ဆုံတဲ့အခါ ဘာတွေကို အဓိကထားပြီး ဆွေးနွေးဖြစ်ခဲ့တယ်ဆိုတာကို ကချင်ပြည်နယ်သားတွေကို စိတ်ဝင်စားနေပါတယ်။**

ကေအိုင်အိုဥက္ကဋ္ဌက အပစ်အခတ်ရပ်စဲရေးအား ဦးစွာသဘောတူညီမှု ရယူပြီး ဆက်လက်ဆွေးနွေးကြလျှင် သင့်တော်မည်ဖြစ်ကြောင်း ထပ်မံဆွေးနွေးခဲ့ပေမယ့် အချက်၃ ချက်ကို ကေအိုင်အိုဘက်က လက်ခံကြောင်း/ လက်မခံကြောင်း ဆွေးနွေးအဖြေထုတ်ပြီးမှ ပြန်လည်အကြောင်းကြားဖို့ တုံ့ပြန်ပြောဆိုနေတာကြောင့် တွေ့ဆုံမှုပြီးဆုံးသွားခဲ့ရပါတယ်။

**ဒီတစ်ခါ တွေ့ဆုံဆွေးနွေးမှုဟာ ငြိမ်းချမ်းရေးခရီးအတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်ခဲ့လား။ ဒါမှမဟုတ် ပိုပြီးတင်းမာသွားစေနိုင်သလား။**

ဆွေးနွေးပွဲတွေက တစ်ကြိမ်၊ နှစ်ကြိမ်နဲ့ ရလဒ်ကောင်းတွေ ရရှိမှာ မဟုတ်ဘူး။ ဆွေးနွေးဘက်တွေရဲ့ စိတ်ရှည်မှုနဲ့ ဆုံးဖြတ်ခွင့်ရှိတဲ့ ခေါင်းဆောင်ပိုင်းတွေရဲ့ နိုင်ငံရေးမျှော်မှန်းချက်တွေက ပိုပြီး အရေးကြီးပါတယ်။

**နောက်ဆုံးအနေနဲ့ ကချင်လူထုအတွက် တစ်ခုခုပြောကြားပေးပါဦးခင်ဗျ။**

ကေအိုင်အိုအနေနဲ့ ဆွေးနွေးအဖြေရှာပြီး တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ လိုလားပါတယ်။ ခက်ခဲပေမယ့် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။

**မြစ်ကြီးနားသတင်းဂျာနယ်**

# Editorial
## အယ်ဒီတာ့အာဘော်

### သမိုင်းသစ်ဖွင့် ရှစ်ဆယ့်ရှစ်

၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် ဆန္ဒပြပွဲကြီးတစ်ခုဖြစ်ပေါ်ခဲ့သည်။ ထိုပွဲသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် အကြီးမားဆုံးသော ဆန္ဒပြပွဲကြီးတစ်ခုဖြစ်ခဲ့သည်။ ရန်ကုန်မြို့တော်၏ လမ်းတစ်လျှောက်တွင် လူပင်လယ်ကြီးဖြစ်ခဲ့သလို တောမြို့လေးများတွင်လည်း သပိတ်မှောက်ခဲ့ကြသည်။ ထို ဆန္ဒပြပွဲတွင် တက္ကသိုလ်ကျောင်းသားများ၊ အလုပ်သမားများ၊ ဝန်ထမ်းများ၊ သူနာပြုဆရာမများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များပါဝင်ခဲ့သည်။

မြန်မာပြည်သူများကို စစ်ဖိနပ်အောက်တွင် ဖိနှိပ်ထားသည့် ဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်း၍ ကောင်းမွန်မျှတသောစနစ်တစ်ခုမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့သွားရန် လမ်းများပေါ်တက် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ လူထု၏ မူလရည်ရွယ်ချက်က ငြိမ်းချမ်းစွာစုဝေးပြီး ကောင်းမြတ်သောရည်ရွယ်ချက်ဖြင့် အပြောင်းအလဲ တစ်ခုကို တောင်းဆိုလိုခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ဆန္ဒပြသူများအကြား ခေါင်းဖြတ်သတ်သည့်ဖြစ်ရပ်များ၊ ရဲ၏အသည်းနှလုံးကို ကြော်စားသည့် လုပ်ရပ်များကို ဖန်တီးကာ နိုင်ငံတော်ကို အာဏာသိမ်းရန် ပျိုးလာတော့သည်။

ထိုကာလက မြန်မာနိုင်ငံတွင် စီးပွားရေး အကျပ်အတည်းများ၊ အလုပ်လက်မဲ့ပြဿနာများ၊ လောင်စာဆီများ၊ စားစရာများ အားလုံးပြတ်လပ်ခဲ့သည်။ အရှေ့တောင်အာရှတွင် သယံဇာတ အပေါများဆုံးနိုင်ငံတွင် လူမှုရေး၊ စီးပွားရေးများကမောက်ကမ ဖြစ်ခဲ့ကြသည်။

ထိုသို့ဆိုးရွား၍ စိတ်ပျက်စရာကောင်းသော သမိုင်းမှတ်တမ်းဆိုးတစ်ခုဖြစ်အောင် ဖန်တီးခဲ့သူကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ကျေးဇူးကြောင့်လို့ ဆိုကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသည့် မဆလအစိုးရကကလေး၊ လူကြီးအားလုံး ခေါင်းမထောင်နိုင်အောင် နည်းမျိုးစုံနှင့် ဖိနှိပ်ခဲ့ပြီး စစ်ခေါင်းဆောင်တစ်ဖြစ်လဲ ဆိုရှယ်လစ်အကြီးအကဲတွေက အာဏာကို ခိုင်မြဲအောင် တစ်ပါတီအာဏာရှင်စနစ် ထိန်းချုပ်ထားတဲ့ အစိုးရတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံကြီးကို ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုကနေကယ်တင်ထားတယ်ဆိုတဲ့ တော်လှန်ရေးကောင်စီ အမည်ခံဆိုရှယ်လစ်အရေခြုံ စစ်အစိုးရအောက်မှာ တစ်ပြည်လုံး ပြားပြားဝပ်နေခဲ့ကြရလို့မကျေနပ်ချက်တွေကိုလှည်းနေလှေအောင်း မြင်းစောင်းမကျန်ဆိုသလို ပါဝင်တော်လှန်ခဲ့ကြသည်။

ဒီလိုတော်လှန်မှုက စစ်တပ်အုပ်ချုပ်ရေးစနစ်ကို ပိုမိုသက်ဆိုးရှည်စေခဲ့ပါသည်။ ကိုးဂဏန်းကို အထူးယုံကြည်ကိုးစားသော စစ်တပ်က ထိုနှစ် ကိုးလပိုင်း ၁၈ ရက်တွင် နိုင်ငံတော်အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း ရေဒီယိုမှ အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခဲ့သည်။ ဗိုလ်ချုပ်ကြီးစောမောင်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(နဝတ) အမည်ဖြင့် စတင်အုပ်ချုပ်ခဲ့ပါသည်။ ထို့နောက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီအမည်ဖြင့် ပြောင်းလဲအုပ်ချုပ်ပြန်ပါသည်။

ထိုကာလတွင် ပြည်သူများကို ပါတီစုံဒီမိုကရေစီစနစ်ဆိုသည့် အနှစ်မဲ့ဝေါဟာရဖြင့် နှစ်သိမ့်ကာ စစ် အုပ်ချုပ်ရေးစနစ် အပီအပြင် အကောင်အထည်ပေါ်အောင် စွမ်းဆောင်ပြီး ၂၅ နှစ်ကြာ အုပ်ချုပ်သွားခဲ့ပါတော့သည်။

သမိုင်း၏ အချိုးအကွေ့တစ်ခုမှာ ရဟန်းရှင်လူ ကျောင်းသားပြည်သူများ တစ်ပါတီအာဏာရှင် စနစ်ဆိုးအောက်က လွတ်မြောက်အောင် ပါဝင်ဆင်နွှဲခဲ့ကြ အသက်တွေ၊ သွေးတွေ ပေးဆပ်ပြီး တိုက်ခဲ့ကြသည်။ စစ်အာဏာရှင်တွေကလည်း အကြောင်းအမျိုးမျိုးပြပြီး ပြန်လုယူတတ်သည်။

ထို့ကြောင့်ဒီနေ့ကျွန်ုပ်တို့တိုင်းပြည်မှာရှင်သန်ရပ်တည်နေရခြင်းက ရှေ့ကလူတွေ ပေးဆပ်ခဲ့မှုကြောင့်ဖြစ်ပြီး သူတို့ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ အသက်စွန့်သွားကြတဲ့ သူရဲကောင်းတွေရဲ့ အနာဂတ် မျှော်လင့်ချက်များလည်း ဖြစ်သည်။ ပေးဆပ်သွားသော သူရဲကောင်းတို့၏ အနာဂတ်မျှော်မှန်းချက်များနောက်တစ်ကြိမ်ထပ်မံ ပြိုကွဲမသွားအောင် ထိန်းသိမ်းကြရေးသည် လက်ရှိမျိုးဆက်တို့၏ တာဝန်ဖြစ်ကြောင်း နှစ်သုံးဆယ်ပြည့် ရှစ်ဆယ့်ရှစ်အရေးအခင်းကို ဂုဏ်ပြုသည့်အနေဖြင့် မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားလိုက်ရပေသည်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဩဂုတ် ၁၃ ၊ ၂၀၁၈)

# အင်းတော်ကြီးဒေသမှ တောင်သူအယောက် ၂၀ လွှတ်တော်ဥက္ကဋ္ဌနှင့် လာရောက်တွေ့ဆုံ

မြစ်ကြီးနား၊ ဩဂုတ် ၇

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှ တောင်သူအယောက် ၂၀ သည် ၎င်းတို့ကြုံတွေ့နေသော လယ်ယာမြေပြဿနာများကို တာဝန်ရှိသူများက ကူညီဖြေရှင်းပေးစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဩဂုတ်လ ၇ ရက်က မြစ်ကြီးနားမြို့သို့ရောက်ရှိလာကြကြောင်း သိရသည်။



အဆိုပါ လယ်သမားများထဲတွင် ရွှေနဂါးမင်းကုမ္ပဏီ၏ တရားစွဲဆိုခြင်းကို ခံရသည့် တောင်သူခြောက်ဦး၊ သဘာဝစိမ်းလန်းစိုပြေရေး ဇရိယာသတ်မှတ်လိုက်သည့်အတွက် လယ်ယာမြေဆုံးရှုံးသွားသူများပါဝင်သည်။

မြစ်ကြီးနားသို့ရောက်လာပြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံကာ ထိုနေ့တွင်ပင် ပြန်သွားကြကြောင်း သိရသည်။

တောင်သူ ခြောက်ဦးသည် လွန်ခဲ့သည့် ၂၀၀၀ ခုနှစ်ကစပြီး ဓားမဦးချလုပ်ကိုင်ခဲ့သူများဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့်မြေကွက်ပိုင်ရှင်ဒေါ်တင်ညွန့်က ၎င်း၏မြေပေါ် ကျူးကျော်သည်ဟုဆိုကာ မြို့နယ်အဆင့်တွင် တောင်သူများကို တရားစွဲဆိုခဲ့ရာ တောင်သူများက သက်သေအထောက်အထား အပြည့်အစုံတင်ပြနိုင်သည့်အတွက် ၂၀၁၀ ခုနှစ်တွင် တောင်သူများ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြေရှင်းပြီးနောက် ဒေါ်တင်ညွန့်က ညီမဖြစ်သူပိုင်သည့် ရွှေနဂါးမင်းကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ်ခံယူပြီး ပြည်နယ်အဆင့်တွင် ထပ်မံ၍ တရားရင်ဆိုင်ရာတွင် တောင်သူများ ရှုံးနိမ့်ခဲ့၍ ထောင်ဒဏ် ၁၅ ရက် သို့မဟုတ် ငွေဒဏ် ၅၀၀၀ ပေးဆောင်ရန် ဒီဂရီချမှတ်ခဲ့ရာငွေဒဏ် ၅၀၀၀ ပေးဆောင်ခဲ့ရကြောင်း တရားစွဲဆိုခံရသည့် ဦးဇော်လင်းဦးက ပြောသည်။

"ကျွန်တော်တို့က ကျူးကျော်ဝင်ရောက်တဲ့သူ မဟုတ်ဘူး။ ဓားမဦးချလုပ်ကိုင်ခဲ့တဲ့သူတွေပါ။ သူတို့ရဲ့မြေတွေက အရင်ကတည်းက ကျွန်တော်တို့နားမှာရှိပါတယ်။ အဲဒါကို အခုတရားကို ထပ်ခါထပ်ခါစွဲခံနေရလို့ အရမ်းခက်ခဲနေရတယ်"ဟု ဦးဇော်လင်းဦးက ပြောသည်။

အဆိုပါ တောင်သူခြောက်ဦး၏ မြေဧက စုစုပေါင်းသည် ၁၀၀ ကျော်ခန့်ရှိပြီး ယင်းမြေများအားလုံးသည် မြေစာရင်းမှထုတ်ပေးထားသည့် မြေပြေစာနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ရရှိထားသည့်မြေများဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီမှ ခရိုင်အဆင့်တွင် တရားမမှုဖြင့် ထပ်မံတရားစွဲထားသည့်အတွက် ယင်းတောင်သူခြောက်ဦးကို ၎င်းတို့၏လယ်ယာများမှ ရက်ပေါင်း ၆၀ အတွင်းပြောင်းရွှေ့ပေးရန် အမိန့်ချမှတ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ဘယ်လိုဖြစ်ဖြစ် ပြောင်းရွှေ့မပေးနိုင်ဘူး။ ကျွန်တော်တို့ ဓားမဦးချလုပ်ကိုင်ခဲ့တဲ့ မြေတွေဖြစ်တယ်။ အထောက်အထားလည်း အပြည့်အစုံရှိထားတယ်။ ပြန်ရအောင်တော့ လုပ်ဆောင်သွားမှာပဲ"ဟု တရားစွဲခံရသည့်တောင်သူ ဦးဖိုးထောင်က ပြောသည်။

တရားစွဲခံရသည့်အတွက် တောင်သူများသည် တစ်လလျှင် ၄ ကြိမ်နှုန်းခန့် ရုံးချိန်းသွားနေရကာ အလုပ်လုပ်ချိန်များလည်း ပျက်ကွက်နေရသဖြင့် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရင်ဆိုင်နေရကြောင်း သိရသည်။

တောင်သူများအနေဖြင့် သက်ဆိုင်ရာဌာနများကို မြေပြင်အထိ ကွင်းဆင်းစစ်ဆေးပြီး အမှုမှန်ကိုဖော်ထုတ်ပေးစေလိုကြောင်း၊ ၎င်းတို့၏အမှုကို အမြန်ဆုံးဖြေရှင်းပေးစေလိုကြောင်း၊သဘာဝစိမ်းလန်းစိုးပြေရေးစီမံကိန်းဇရိယာထဲပါသွားသည့် လယ်ယာမြေများ၏ နစ်နာကြေးများကို ပေးစေလိုကြောင်း တရားစွဲခံရသည့်တောင်သူများက ပြောသည်။

"သတ်မှတ်ဇရိယာထဲ ပါတယ်ဆိုပြီး ကျွန်တော်တို့ရဲ့ လယ်ထဲကို အတင်းအဓမ္မဝင်ပြီး ဘုတ်တိုင်လာစိုက်ကြတယ်။ သူတို့ကလယ်သမားတွေကို တိုင်ပင်ခြင်းလည်းမရှိဘူး။ ကျွန်တော်တို့က ဓားမဦးချ လုပ်ကိုင်ခဲ့တဲ့သူတွေပါ။ ဘယ်သူလယ်ကွက်ကိုမှ မကျူးကျော်ထားပါဘူး"ဟု တောင်သူဦးကျော်ဟန်က ပြောသည်။

လယ်ထဲတွင် ဆိုင်းဘုတ်များကို ၂၀၁၆ ခုနှစ် ကစိုက်ထူလိုက်ကြသည့်အတွက် နင့်နာကြေးရရှိရန် တောင်သူများအနေဖြင့် ၂၀၁၈ ခုနှစ် မတ်လ ၂၉ ရက်တွင် ရပ်ကျေးအဆင့်မှ နေပြည်တော် အဆင့် အထိ စာတင်ထားသော်လည်း ယနေ့ချိန်ထိ တစ်စုံတရာအကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း သိရသည်။

မွန်းမွန်းပန်

# ဒေသခံအစုအဖွဲ့ပိုင် သစ်တောများစိုက်ပျိုးခွင့်ရရေးအတွက် ဒေသခံများကြိုးပမ်း

ဝိုင်းမော်၊ ဩဂုတ် ၆

ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (CF) တည်ထောင်ခွင့် လက်မှတ်ရရှိရေးအတွက် ဩဂုတ်လမှစပြီး နှစ်ရှည်ပင်စိုက်ပျိုးနေကြောင်း သိရသည်။



သစ်ပင်များစိုက်ပျိုးရခြင်းမှာ CF မြေအတွင်း သစ်ပင်စိုက်ပျိုးမှသာလျှင် လုပ်ပိုင်ခွင့်ချပေးမည်ဟု သစ်တောဦးစီးဌာနမှ ပြောဆိုထားသည်အတွက်ဖြစ်ကြောင်း၊ ဇွန်လဆန်းခန့်မှစပြီး သစ်ပင်များစိုက်ပျိုး၍ မြေဧရိယာများကိုကာကွယ်နေကြောင်း CF အဖွဲ့ဝင်ထံမှ သိရသည်။

"ကျွန်တော်တို့ ကျေးရွာက CF အဖွဲ့တွေပဲ စုပြီးတော့ ခရိုင်သစ်တောဦးစီးမှူးရဲ့ ခွင့်ပြုချက်နဲ့ အပင်စိုက်တာဖြစ်တယ်။ အပင်တွေကိုလည်းသစ်တောဌာနကချပေးတယ်" ဟု CFအဖွဲ့ဝင်ဦးတိန့်ချန်းကပြောသည်။

CF မြေနေရာရရှိရေးအတွက်ဒေသခံပြည်သူများသည် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်မှ စတင်လျှောက်ထားခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြေနေရာချထားပေးခြင်းမရှိသည့်အတွက် CF ရရှိရေးကို ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

၎င်းတို့အနေဖြင့် ယခုနှစ်အတွင်း ခုတ်ထွင်ရှင်းလင်းထားပြီးဖြစ်သည့်ဧက ၂၀၀ ခန့်ကိုသစ်ပင်များစိုက်ပျိုးမည်ဖြစ်ပြီး ယနေ့အချိန်ထိ နှစ်ရှည်ပင်အပင်ရေ ၃၀၀၀၀ ခန့်စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လိုအပ်လာပါက လာမည့်နှစ်တွင်လည်း ခုတ်ထွင်ရှင်းလင်းကာ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင်အချို့သော ဒေသခံ CF အဖွဲ့ဝင်တောင်သူများသည် တရုတ်ငှက်ပျောခြံကုမ္ပဏီကို ငှားရမ်းပေးကြသူများရှိကြပြီး ယင်းနေရာများအားလုံးကိုလည်း ငှက်ပျောကုမ္ပဏီများမဝင်နိုင်မီ ဦးစွာနှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရန် သစ်တောဦးစီးဌာနမှ ဦးဆောင်ကာ အပင်များစိုက်ပျိုးနေကြောင်း CF ဥက္ကဋ္ဌ ဦးဇိန်ဟန်ဘောက်ကပြောသည်။

"သစ်တောဦးစီးဌာနက နေပြီးတော့ စံပြကွက်အနေနဲ့ ကျေးရွာ CF အဖွဲ့တွေနဲ့ ပူးပေါင်းပြီး မြေနှစ်ဧကလောက်ကို နိုင်ငံခြားက အပင်တွေကို မှာယူထားပါတယ်။ အဲဒီအပင်တွေကို စမ်းသပ်စိုက်ပျိုးပေးသွားမှာ ဖြစ်ပါတယ်"ဟု CF ဥက္ကဋ္ဌက ပြောသည်။

တောင်သူများ ကုမ္ပဏီကို ငှားရမ်းလိုက်သည့် မြေများတွင်လည်း နှစ်ရှည်ပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် သစ်တောကြိုးဝိုင်းမြေများကို ငှားရမ်းလိုက်သည့် တောင်သူများ ပေါ်ပေါက်လာပါက တရားစွဲဆိုမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ငှားခဲ့တဲ့သူတွေရဲ့ ခြံတွေအားလုံးကိုလည်း အားလုံးဝင်စိုက်ခိုင်းတယ်။ ပိုင်ရှင်ပေါ်လာရင်တော့ တရားစွဲမယ်လို့ ပြောတယ်။ တချို့သိတဲ့သူတွေ တော့ရှိတယ်။ သူတို့ကိုပြောတော့ သစ်ပင်လာစိုက်တဲ့သူရှိသလို လာမလုပ်တဲ့ သူတွေလည်းရှိတယ်"ဟု CF ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ CF လုပ်ပိုင်ခွင့်ရရှိရန်လျှောက်ထားသည့် အဖွဲ့ဝင် ၂၆၄ ဦးရှိပြီး မြေဧရိယာစုစုပေါင်း ၂၆၀၀ ဧကရှိကြောင်း သိရသည်။

မွန်းမွန်းပန်

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရဲ့ ရှစ်လေးလုံးအစ

မြစ်သွေးထက် ရေးသားသည်။




ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ မနက်မိုးမလင်းခင်က ရွာတဲ့မိုးဟာ အဲဒီနေ့က ဖွဲလိုက်သဲလိုက် မရပ်မနား တစ်နေကုန်အောင် ရွာနေခဲ့ပါတယ်။ စနေနေ့ဆိုတော့ ကျောင်းပိတ်ရက်ဖြစ်တာမို့ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ အ. ထ. က(၁) ကျောင်းဝင်းထဲမှာတစ်နေကုန်အောင် ဘောလုံးကန်နေခဲ့ပါတယ်။ အဲဒီအချိန်မှာတစ်ဂိုးရှုံးရင် ၇၅ ကျပ်တန်တစ်ရွက်ပေးလျော်ကြေး ကစားနေခဲ့ကြတာပါ။ ဒါပေမဲ့ ဝန်ထမ်းတစ်ယောက်ရဲ့ လစာငွေကသုံးရာပတ်ဝန်းကျင်၊ ရွှေဈေးက ၂၈၀၀ကျပ်ပဲရှိတဲ့ အချိန်ဆိုတော့ ဘောလုံးအားကစားနဲ့ တွဲပြီးယှဉ်ပြိုင်တဲ့လောင်းကြေးပမာဏဟာ ဘောလုံးကစားနေတဲ့ ကျွန်တော်တို့အရွယ်နဲ့မလိုက်အောင် များပြားလွန်းတယ်လို့ ဆိုရမှာပါ။ သို့သော်လည်းပဲ ဘောလုံးတစ်သင်းမှာ အနည်းဆုံးသူငယ်ချင်း တစ်ဆယ့်ငါးယောက် ဖွဲ့စည်းထားပြီး တစ်ယောက်ကို ငွေတစ်ဆယ်နှုန်း စုပေါင်းထည့်ဝင် စုစည်းထားတာမို့ နှစ်ဘက်အသင်းနှစ်သင်းလုံး ငွေ(၁၅၀)လောက် ရှိနေကြပါတယ်။ ဒီအချိန် လေးတန်း၊ ရှစ်တန်းနဲ့ ဆယ်တန်း အစိုးရစစ်ခေတ်မှာ ခြောက်တန်းနဲ့ ကိုးတန်းကို နှစ်ကြိမ်ကျရှုံးဖူးတဲ့ ကျွန်တော် တက္ကသိုလ်ပထမနှစ်ကျောင်းသား ဖြစ်နေရမယ့်အရွယ်ပါ။ ဒါပေမဲ့ အဲဒီနှစ်က ကျွန်တော် ကိုးတန်းကို ဒုတိယနှစ်အဖြစ် ပြန်တက်နေခဲ့တဲ့ ကျောင်းသားလေးတစ်ယောက်ပေါ့။ ကမ္ဘာ့အရေး မြန်မာ့အရေးဆိုတာတွေကို ဘာတစ်ခုမှ နားမလည်သေးတဲ့ အဖြူထည် ကျောင်းသားငယ်တစ်ယောက်ပါ။

ဒါပေမဲ့ အဲဒီနေ့က ကျွန်တော်တို့ နှစ်ဂိုးရှုံးပြီး အနိုင်ရရှိခဲ့တဲ့ ငွေ(၁၅၀)ကျပ်တိတိဟာ ဦးနေဝင်းအစိုးက တရားမဝင်ငွေကြေးအဖြစ် ကြေညာလိုက်တဲ့(၇၅)ကျပ်တန် ငွေစက္ကူထဲမှာ နှစ်ရွက်တိတိ ပါဝင်သွားခဲ့ပါတယ်။ တစ်ရာတန်ငွေစက္ကူတွေကို သိမ်းဆည်းခဲ့ပြီး လပိုင်းအကြာမှာပဲ အသစ်လဲလှယ်ပေးထားတဲ့ (၇၅)ကျပ်တန်တွေကို ပြန်လည်သိမ်းယူသွားခဲ့တာပါ။ ဒီအချိန်မှာကျွန်တော်တို့ဘောလုံးကန်ဖက် သူငယ်ချင်းတွေအားလုံး မြန်မာအစိုးရရဲ့ လုပ်ဆောင်ချက်တွေကို တော်လှန်ချင်စိတ်တွေစတင်မွေးဖွားလာပါတော့တယ်။ သို့သော် နိုင်ငံရေးသဘောတရားတွေကို နားလည်လို့မဟုတ်။ "တရား၏ မတရား၏"ဆိုတာမျိုးကို တွေးတောဆင်ခြင်ပြီး "မတရားဘူး" လို့ တွက်ဆခဲ့တာကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် "တရား၏ မတရား၏၊ မှန်၏ မှား၏" ဆိုတာမျိုးလောက်ကို တွေးတောဆင်ခြင်တတ်တဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့က ကျောင်းသားလူငယ်တွေဟာ ဘယ်သူမှ စည်းလုံးသိမ်းသွင်းစရာမလိုပဲ လမ်းပေါ်ထွက်ဖို့ အသင့်ဖြစ်နေပါတော့တယ်။ ဒါကို "တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ ကယ်တင်လိုက်ရတယ်" ဆိုပြီး မိမိကိုယ်ကိုယ် ကယ်တင်ရှင်ကြီးတွေလို့ အထင်ရောက်နေကြတဲ့ ခပ်ညံ့ညံ့တွေက ကျောင်းသားလူငယ်တွေကို နိုင်ငံရေးသမားတွေက အသုံးချခဲ့ကြတယ်ဆိုပြီး ကိုယ်သာသိ ကိုယ်သာတတ် လုပ်နေခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ခေတ် ကျောင်းသားလူငယ်တွေသာမကဘဲ ယနေ့ခေတ် ကျောင်းသားလူငယ်တွေကို ခင်ဗျားတို့ဘက်ပါအောင်စည်းရုံးသိမ်းသွင်းကြည့်ပါ"လို့ မေးခွန်းထုတ်ချင်နေခဲ့မိပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျောင်းသားလူငယ်တွေဆိုတာ "တရား၏ မတရား၏၊ မှန်၏ မှား၏"ဆိုတာမျိုးလောက်တော့ ကိုယ်တိုင်တတ်သိ နားလည်ပါတယ်ဆိုတာကို သိစေချင်တဲ့ သဘောပါ။

ဒါကြောင့်လည်း တစ်ရာသုံးဆယ့်ငါးမျိုးသော တိုင်းရင်းသားအားလုံးပါဝင်တဲ့ မြန်မာပြည်သူလူထုအားလုံး သွေးစည်းညီညွတ်ခဲ့ကြတာလို့ ပြောချင်ပါတယ်။ ဒီလိုတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆန္ဒထုတ်ဖော်ခဲ့ကြတဲ့နေရာမှာ ကချင်ပြည်နယ် ပြည်သူလူထုအားလုံးကလည်း မျက်ခြေပြတ်ကျန်မနေရစ်ခဲ့ပါဘူး။ ဆိုတော့ . . . တစ်ပါတီအာဏာရှင်စနစ်ကို တော်လှန်ဖို့ တိုင်းပြည်တစ်ခုလုံးကို ကြေညာထားတဲ့ (၈၊ ၈၊ ၈၈)နေ့မှာပဲ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာလည်း သတ်မှတ်ချိန်အတိုင်း အရေးတော်ပုံကြီးကို စတင်ခဲ့တာပါ။ ဒီအရေးတော်ပုံကြီးရဲ့ အစကို ရန်ကုန်တက္ကသိုလ်က ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ဦးဆောင်မယ်လို့ တစ်တိုင်းပြည်လုံးကို သတင်းလွှင့်ထားပြီး မြစ်ကြီးနားကောလိပ်က ကျောင်းသားတွေအတွက် ကျောက်ပြင်နဲ့ထဘီ ပါဆယ်ပို့လိုက်မယ်လို့ ကနဦးသတင်းရပါတယ်။ ဒါကြောင့် မူလကတည်းကတစ်ပါတီအာဏာရှင်စနစ်ကို စိတ်နာနေခဲ့ကြတဲ့ မြစ်ကြီးနားကောလိပ်က ကျောင်းသားဆယ့်တစ်ယောက်က နေ(၈၊ ၈၊ ၈၈)အရေးတော်ပုံကြီးကို စတင်ခဲ့တာပါ။

ဒါပေမဲ့ မနက်ကိုးနာရီ ကျောင်းတက်ချိန်ထိ အခြေအနေအားလုံး ငြိမ်သက်နေခဲ့ပါတယ်။ ဒါကြောင့် အတွေးတိမ်တိမ်နဲ့ ကိုယ်လုပ်မှ ကိုယ်စားရမယ်ဆိုတဲ့ ပြည်သူတချို့က ကျောင်းသားလူငယ်တွေရဲ့ သတ္တိကို လှောင်ပြောင်စပြုနေပါပြီ။ ဒီလိုနဲ့ သိပ်မကြာတဲ့ အချိန်တွင်းမှာပဲ မြန်မာကျောင်းသားလူငယ်တွေကို အထင်မကြီးရင် နေလို့ရပေမယ့် အထင်သေးလို့ မရတဲ့အကြောင်းကို မြစ်ကြီးနားကောလိပ် ကျောင်းသားတွေ ဦးဆောင်တဲ့ (၈၊၈၊ ၈၈)အရေးတော်ပုံကြီးက မြစ်ကြီးနားပြည်သူလူထုကို တိတိကျကျ ပြသလိုက်ပါတော့တယ်။ အရေးတော်ပုံကို စတင်ခဲ့တဲ့နေရာကတော့အောင်နန်းရပ်ကွက်မှာရှိတဲ့ အမှတ်(၂) အထက်တန်းကျောင်းကနေ ဖြစ်ပါတယ်။ ဒီကျောင်းကနေ တစ်ဆင့် ဇရာရပ်ကွက် အမှတ်(၁) အထက်တန်းကျောင်းကို သပိတ်မှောက် ကျောင်းသားတွေ စုရုံးရောက်ရှိလာပါတယ်။ အမှတ်(၁)အထက်တန်းကျောင်းကနေမှတစ်ဆင့် အမှတ်(၃) အထက်တန်းကျောင်းကို စီတန်းလှည့်လည်ချီတက်ခဲ့တာပါ။ ဒီကျောင်းကိုရောက်တော့ ပြည်နယ်ကောင်စီ လူကြီးတွေနဲ့ ရဲတပ်ဖွဲ့တွေက ကျောင်းသားတွေကို လူစုခွဲဖို့ အသံချဲ့စက်ကနေ အော်ပြီး အမိန့်ပေးပါတယ်။ ဒါပေမဲ့ သွေးဆူနေတဲ့ ကျောင်းသားလူငယ်တွေကို ပြည်နယ်ကောင်စီလူကြီးတွေ မထိန်းသိမ်းနိုင်တော့ပါဘူး။

ဒီတော့ ကျောင်းသားလူငယ်တွေရဲ့ စည်းလုံးညီညွတ်မှုကို မထိန်းသိမ်းနိုင်တော့တဲ့ ပါတီကောင်စီ လူကြီးတွေဟာ ရဲတပ်ဖွဲ့တွေကို သေနတ်ပစ်ဖောက် တားမြစ်ဖို့အမိန့်ပေးပါတော့တယ်။ ဒါပေမဲ့ လူစုခွဲတဲ့နေရာမှာလက်နက်ကိုင်တပ်ဖွဲ့ဝင်တွေအနေနဲ့ ပထမအဆင့် သေနတ်ကို ကိုးဆယ်ဒီဂရီကိုင်မြှောက်ပြီး ပစ်ဖောက်ရမှာပါ။ ဒီကနေတစ်ဆင့် ထိန်းသိမ်းရခက်ခဲလာရင် ဒုတိယအဆင့် အနေနဲ့ သေနတ်ကိုလေးဆယ့်ငါးဒီဂရီကိုင်မြှောက်ပြီး ထပ်မံပစ်ဖောက်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပါတီကောင်စီလူကြီးတွေပေးတဲ့ ပထမအဆင့် အမိန့်မှာပဲ ကျောင်းသားတွေ စုရုံးနေတဲ့နေရာကို ရဲတပ်ဖွဲ့က တစ်ရာ့ရှစ်ဆယ်ဒီဂရီ ဖြောင့်ဖြောင့်တန်းတန်း စတင်ပစ်ခတ် လိုက်ပါတယ်။ ဒီမှာတင် မောင်ဇော်နန်လို့ခေါ်တဲ့ အလယ်တန်းကျောင်းသား လူငယ်လေးတစ်ယောက် သေနတ်ထိမှန်ပြီးပွဲချင်းပြီးသေဆုံးခဲ့တာပါ။ ဒါကြောင့် ကျောင်းသားမိဘတွေပါ (၈၊ ၈၊ ၈၈)အရေးတော်ပုံမှာ ပါဝင်လာပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆိုသလို အာဏာရှင်စနစ်ဆိုးကြီးကို တော်လှန်ခဲ့ကြတာပါ။ ဒီလိုတံခါးပိတ်ဝါဒကျင့်သုံးနေတဲ့တစ်ပါတီအာဏာရှင်ခေတ်ဆိုးကြီးကြောင့် နား၊ မျက်စိကန်းနေကြတဲ့ပြည်သူအားလုံးဟာ (၈၊ ၈၊ ၈၈)အရေးတော်ပုံကြီးကြောင့် နိုင်ငံရေးအမြင်တွေ ပွင့်လင်းလာကြပြီး ဒီမိုကရေစီဆိုတဲ့ တံခါးကြီးကို စတင်တွန်းလှစ်ဖွင့်ဟလိုက်တာ ဖြစ်ပါတယ်။ ဒါကို အာဏာရှင်လက်ပါးစေတွေက "တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ ကယ်တင်ခဲ့ရတယ်"ဆိုပြီး ကြွေးကျော်နေပါသေးတယ်။ ဒါပေမဲ့ ချောက်ထဲမကျအောင် စေတနာမှန်နဲ့ ကယ်တင်ခဲ့တယ်ဆိုရင် (၁၉၉၀)ခုနှစ်ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့၊ မဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူအားလုံး ရွေးကောက်တင်မြှောက်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ (NLD)ပါတီကို ဘာ့ကြောင့် အာဏာလွှဲမပေးတာလဲ ဆိုတဲ့အကြောင်း ပြည်သူလူထုအားလုံးက မမေ့နိုင်သေးတာကို တင်ပြလိုက်ရပါတယ်။

မြစ်သွေးထက်

မြစ်ကြီးနားသတင်းဂျာနယ်
( ဩဂုတ် ၁၃ ၊ ၂၀၁၈ )

# ဟံသာဝတီဦးဝင်းတင်၏ ကချင်ပြည်နယ်ခရီးစဉ်

အင်ခိုင်ဘွမ်





သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ရှေးဦးစွာ ကြေးမုံသတင်းစာ၊ ပြည်သူ့အိုးဝေသတင်းစာများတွင် သတင်းစာဆရာအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ကြေးမုံတွင်လုပ်ကိုင်စဉ် ၁၉၆၀ ခန့်တွင် ကချင်အမတ်ဦးဂျီဘောင်ရိန်းနှင့် ချီဖွေ၊ လောခေါင် ၊ ထောင်ဂေါ့ စသောဒေသများသို့ လိုက်ပါသွားခဲ့ဖူးသည်။ ထောင်ဂေါ့သည် ဦးဂျီဘောင်ရိန်း၏ ဒေသဖြစ်သည်။ ဦးဂျီဘောင်သည် သူ၏ဒေသခံများကို ကချင်ဘာသာဖြင့် တရားပွဲ၊ ဆွေးနွေးပွဲလုပ်သည်။ ထို့နောက် ဦးဝင်းတင်ဘက်သို့ လှည့်၍ သတင်းစာဆရာဖြစ်ကြောင်း၊ ပြောလိုသည်များကို ပြောနိုင်ကြောင်း မိတ်ဆက်ပေးခဲ့သည်။ ဒေသခံများ၏ ရင်ဖွင့်ချက်များတွင် ဖီမော်၊ ဂေါ်လံ၊ ကံဖန် ရွာသုံးရွာ တရုတ်ဘက်ပေးသည်ကို ၎င်းတို့လက်မခံကြောင်း ပါရှိခဲ့သည်။

"သူတို့ ဖီမော်၊ ဂေါ်လန်ဒေသခံတွေ ပြောတဲ့စကားကို ချုပ်လိုက်ရင် ဘာလဲဆိုတော့ သူတို့က တရုတ်အောက်တော့ မသွားချင်ဘူး။ ဗမာပြည်မှာပဲနေမှာ၊ ဒီမြေတွေ အကုန်လုံးကို တရုတ်ကို မပေးစေချင်ဘူး။ တရုတ်ကိုပေးမယ်ဆိုရင်တော့ သူတို့က တရုတ်ဘက်ကို လိုက်ပြီးတော့ တရုတ်ရွာအနေနဲ့ တရုတ်ပြည်ထဲကို လိုက်မသွားဘူး။ သို့သော် သူတို့ရဲ့ပထမဆုံးတောင်းဆိုချက်က ဘာလဲဆိုရင် ဒီသူတို့ရဲ့ရွာသုံးရွာကို တရုတ်ကို မပေးပါနဲ့ ကျုပ်တို့ ဗမာပြည်ကိုချစ်တယ်၊ ဒါကျုပ်တို့ရဲတိုင်းပြည်"ဟု ဟံသာဝတီဦးဝင်းတင်က ဆိုခဲ့သည်။ ဟံသာဝတီဦးဝင်းတင်ကို လောခေါင်၊ ထောင်ဂေါ့မှ ကချင်များက "ခင်ဗျားတို့ဗမာတွေက ကျုပ်တို့ကို ပစ်ထားတာ။ ကျုပ်တို့ ငတ်မလောက်တောင် ဖြစ်တယ်"ဟုလည်း ဆိုကြသည်။ ဦးဝင်းတင်လည်း ထိုအကြောင်းများကို ဆောင်းပါးရေးပြီး ကြေးမုံသို့ပို့ပေးခဲ့သည်။ ထို့နောက် ကချင်ဒေသအချို့ကို ခရီးဆက်ခဲ့သည်။

ချီဖွေသို့ ပြန်ရောက်ချိန်တွင် တိုင်းရင်းသားများကြားထဲ ဆူဆူပူပူဖြစ်အောင်ရေးသည် စသောအကြောင်းများကြောင့် ဦးဝင်းတင်ကို ဖမ်းရန် အမိန့်ထုတ်ခဲ့သည်။ အစိုးရက ချီဖွေနှင့် မြစ်ကြီးနားတွင် ဖမ်းရန်ကြိုးစားခဲ့သည်။ ဦးဝင်းတင်က ရန်ကုန်သို့ရောက်အောင် ပြန်ခဲ့ပြီး တာဝန်ရှိသူများထံ ချေပခွင့် တောင်းခံခဲ့သည်။ ထို့နောက် ကြေးမုံဦးသောင်းနှင့်ဦးဝင်းတင်ကို ဗိုလ်မှူးကြီးစောမြင့်က ဆင့်ခေါ်မေးမြန်းခဲ့သည်။ ဦးဝင်းတင်က ဒေသခံတွေ ငတ်နေပြီဖြစ်ကြောင်း၊ တာဝန်ရှိသူများက ဂရုမစိုက်ကြောင်း ပြောသည်။ ဗိုလ်မှူးကြီးစောမြင့်ကလည်း ရေးသားချက်များမှာ လွန်ကြောင်း၊ လေယာဉ်ပျံဖြင့်သွား၍ ရိက္ခာများချပြီဖြစ်ကြောင်း ဆိုခဲ့သည်။

ဟံသာဝတီဦးဝင်းတင်က "ကျွန်တော်ရေးပြီးကာမ ခင်ဗျားတို့ သွားချတာပဲ မဟုတ်လားလို့ဆိုတော့၊ သူက မဟုတ်ပါဘူး။ ဒါခင်ဗျားတို့ရေးလို့ ချတာမဟုတ်ဘူးဗျတဲ့၊ ဒါရိုတင်းပဲတဲ့ ဒီနေရာတွေကို ရိက္ခာတို့ဘာတို့ ထောက်ပံ့နေတာပဲ ဆိုတော့ ဒါနဲ့ပြီးရောပေါ့။ ဆိုလိုတာကတော့ သူတို့ဘက်ကလည်း ဘယ်လိုပဲငြင်းငြင်းပဲပေါ့၊ အနေအထားက ကျွန်တော်ရေးလို့ ရိက္ခာသွားချတာလား၊ သို့မဟုတ်ရင် ကျွန်တော်က ရိက္ခာမချခင်မှာ ကျွန်တော်ရောက်ပြီးတော့ ရေးတာလားဆိုတဲ့ဟာပေါ့၊ အဲဒီလိုနဲ့ပြီးသွားရောပေါ့"ဟု ဆိုခဲ့သည်။ ထိုကိစ္စပြီးနောက် တရုတ်နှင့်မြန်မာနိုင်ငံကြား ပြေလည်နေသည့်ဆက်ဆံရေးကို ကြေးမုံသတင်းစာက ချစ်ကြည်ရေးပျက်ပြားအောင် တမင်လုပ်ကြံကြောင်း၊ သို့မဟုတ် လူထု၏သဘောထားအမှန် မဟုတ်သည်ကို ဖော်၍လှုံ့ဆော်ကြောင်း၊ တရုတ်ဖြူ၏အကူအညီများပါကြောင်း စွဲချက်တင်ခဲ့ပြန်သည်။

ဦးဝင်းတင်ကလည်း ယခင်က မိမိတို့ကို တရုတ်နီ၏အကူအညီအထောက်အပံ့များရနေကြောင်း၊ တရုတ်နီ၏ခိုင်းဖတ်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး ယခုတွင်မူ တရုတ်ဖြူ၏လက်ဝေခံဖြစ်အောင် စွပ်စွဲနေပြန်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်။ ထို့နောက် တာဝန်ရှိသူများကလည်း "အေးဗျာ. . . အေးဗျာ၊ ကဲ တော်ပါပြီ၊ တော်ပါပြီ"ဟုဆိုကာ ပြန်လွှတ်လိုက်လေတော့သည်။ ဦးဝင်းတင်က "ဒီနိုင်မှာ အစိုးရအရာရှိတွေရဲ့အမြင်တွေဟာ စာနယ်ဇင်းတို့ဘာတို့နဲ့ ပတ်သက်လာရင် သူတို့အလိုမကျရင် အလိုမကျသလို တစ်ခုခုနဲ့ပေးစားလိုက် တစ်ခုခုရဲ့တပည့်တို့၊တစ်ခုခုရဲ့လက်ဝေခံတို့ဆိုတာတွေ ဖြစ်အောင်လုပ်လိုက်၊ အဲသလိုဟာတွေ လုပ်တဲ့အကျင့်တွေဟာ ဒီအစိုးရတွေမှာရှိတယ်"ဟု ဆိုခဲ့လေသည်။

သတင်းစာဆရာကြီးသည် ဖီမော်၊ ဂေါ်လံ၊ ကံဖန် ရွာသုံးရွာ တရုတ်ဘက်မပေးလိုသည်မှာ ပြည်ထောင်စုချစ်စိတ် ဖြစ်ကြောင်း၊ ထိုစိတ်ကို အားပေးရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ "ကျွန်တော့်ရဲ့ အဲဒီခရီးကရတဲ့ သမိုင်းသင်ခန်းစာလေးကတော့ ဒါပဲ။ ဘာပဲပြောပြော ကျွန်တော်တို့လူမျိုးတွေဟာ ကျွန်တော်တို့ ပြည်ထောင်စုကို ချစ်ကြတယ်။ ကချင်ပဲဖြစ်ဖြစ် ရှမ်းပဲဖြစ်ဖြစ် ကျွန်တော်တို့ တကယ်သာ တိုင်းရင်းသားအရေးနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန်စဉ်းစားကြမယ်။ တိုင်းရင်းသားတွေကလည်း ကျွန်တော်တို့ ဗမာတွေရဲ့ ခေါင်းဆောင်မှုတို့ဘာတို့ရဲ့ စိတ်သဘောထားတွေကို ကောင်းကောင်းလေ့လာသုံးသပ်ကြမယ်။ နောက်တစ်ခါ ကျွန်တော်တို့ရော သူတို့ရောပိုင်ဆိုင်တဲ့ ဒီပြည်ထောင်စုရဲ့ သယံဇာတ သို့မဟုတ် ပြည်ထောင်စုရဲ့ပိုင်နက်နယ်မြေတွေ သင့်တင့်လျောက်ပတ်တဲ့ ပုံသဏ္ဍာန်နဲ့ပေါ့။ ချစ်ချစ်ခင်ခင်နဲ့သာ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဆိုတာကြီးကလည်း တော်တော်ကိုထွန်းထွန်းကားကား စည်စည်ပင်ပင်ဖြစ်နိုင်မယ်လို့ ကျွန်တော်ထင်တယ်။ ထားပါတော့ အဲဒါ ကျွန်တော် ဖီမော် ဂေါ်လန်ကို ကျွန်တော်ရောက်ခဲ့တဲ့ဟာပေါ့"ဟု ဆိုခဲ့လေသည်။

(ဆရာမသွေး(စစ်ကိုင်း) ပြင်သစ်ဘာသာမှပြန်ဆိုသောဝင်းတင်(သို့မဟုတ်) ဦးမညွတ်တတ်သော အတိုက်အခံစာအုပ် စာ ၅၇၊ ၅၈ တွင်လည်း ထိုခရီးစဉ်အကြောင်း အနည်းငယ်ပါရှိပါသည်။)

**ရည်ညွှန်း**

**ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက် (ဟံသာဝတီဦးဝင်းတင်)**

# မြစ်ကူးချောင်းခြား ကျောင်းတက်နေရသည့် ကျောင်းသားများအတွက် အသက်ကယ်အင်္ကျီများပေးအပ်

မြစ်ကြီးနား၊ ဩဂုတ် ၉

ကချင်ပြည်နယ်အတွင်း မြစ်ကူးချောင်းခြားကျောင်းတက်နေရသည့် ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများအတွက် ပြည်နယ်ပညာရေးမှူးရုံးမှ အသက်ကယ်အင်္ကျီ အထည်ငါးရာကျော်ကို ခွဲဝေထောက်ပံ့ပေးလိုက်ကြောင်း သိရသည်။

မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့်ပူတာအိုမြို့နယ်များသို့ အသက်ကယ်အင်္ကျီ (အကြီး/အသေး)များကို ဩဂုတ်လ ၇ ရက်နေ့က ပြည်နယ်ပညာရေးမှူးရုံးမှ သက်ဆိုင်ရာမြို့နယ်များသို့ ခွဲဝေထောက်ခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက ပြောသည်။

"မြို့နယ်မှာရှိတဲ့ ဟိုးအောက်ခြေက ဆရာဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေအထိ သူတို့တောင်းထားတဲ့ စာရင်းအတိုင်းချထားပေးသွားမှာပါ"ဟု ဦးမင်းဦးက ပြောသည်။


ပညာရေးဝန်ကြီးဌာနက ဇွန်လ ၂၂ ရက်နေ့တွင် ပြည်နယ်ပညာရေးမှူးရုံးသို့ ခွဲဝေထောက်ပံ့ပေးခဲ့ပြီး၊ ခွဲဝေပေးအပ်ပေးခဲ့သည့် အသက်ကယ်အင်္ကျီများမှာ ဆိုဒ်အသေး ၂၁၉စုံ၊ ဆိုဒ်အကြီး ၃၂၄စုံတို့ဖြစ်ကာ တန်ဖိုးအနေဖြင့် အကြီးတစ်စုံလျင် ၆၀၀၀ကျပ်၊ အသေးတစ်ထည်လျင် ၅၅၀၀ ကျပ် တန်ဖိုးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

အဆိုပါ အသက်ကယ်အင်္ကျီ ခွဲဝေထောက်ပံ့မှုတွင် မြစ်ကြီးနားမြို့နယ်အတွက် ဆိုဒ်သေး ၂၂ ထည်နှင့် ဆိုဒ်ကြီး ၄၈ ထည်၊ တနိုင်းမြို့နယ်အတွက် ဆိုဒ်သေး ၂၃ထည်နှင့် ဆိုဒ်ကြီး ၁၁ ထည်၊ ဗန်းမော်မြို့နယ်အတွက် ဆိုဒ်အသေး ၃၀ ထည်နှင့် ဆိုဒ်ကြီး ၁၁၅ထည်၊ မိုးမောက်မြို့နယ်အတွက် ဆိုဒ်အသေး အထည် ၄၀ နှင့် ဆိုဒ်အကြီး ၃၅ ထည်၊ ရွှေကူအတွက် ဆိုဒ်သေး ၉၅ထည် နှင့် ဆိုဒ်ကြီး ၁၀၅ထည်၊ ပူတာအိုအတွက် ဆိုဒ်သေး ၉ ထည်နှင့် အကြီး ၁၀ ထည် ခွဲဝေထောက်ပံ့ခဲ့ကြောင်း စာရင်းများက ဖော်ပြထားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အသက်ကယ်အင်္ကျီများအသုံးပြုရန် လိုအပ်သည့် ဒေသများအတွက် ၂၀၁၆ - ၁၇ ဘဏ္ဍာရေးနှစ်က တိုင်းနှင့်ပြည်နယ်အသီးသီးသို့ အသက်ကယ်အင်္ကျီအသေး ၁၉၇၈၈ စုံ (ကျပ် ၁၀၈ ဒသမ ၁၃၄သန်း)၊ အကြီး ၁၇၂၁၁ စုံ(ကျပ် ၁၀၃ ဒသမ ၂၆၆သန်း) စုစုပေါင်း အသက်ကယ်အင်္ကျီ ၃၆၉၉၉ ထည်အတွက် ငွေကျပ်တန်ဖိုး ၂၁၂ ဒသမ ၂ သန်းခန့် ခွဲဝေဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အသက်ကယ်အင်္ကျီများကို နှစ်နှစ်အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ပြည်နယ်နှင့်တိုင်းဒေသ အသီးသီးအတွက် အသက်ကယ်အင်္ကျီ အသေးဆိုဒ် ၂၄၄၈၉စုံ (တန်ဖိုး ၁၃၄၆ ၇၈၉၅၀၀ ကျပ်)၊ အကြီးဆိုဒ် ၂၂၀၂၅ စုံ ( တန်ဖိုး ၁၃၂၇ ၅၀၀၀၀ ကျပ်) ခွဲဝေဆောင်ရွက်ခဲ့ကြောင်းစာရင်းဇယားများအရ သိရသည်။

ဆိုင်း(ကချင်မြေ)




**တုတ်ထိုး** - Vote ရကျိုးနပ်ပြီပော့။ Vote ရကျိုး နပ်ပြီ။
**အိုးပေါက်** - အောင်မယ်၊ ဘာတွေ Vote ရကျိုး နပ်နေတာလဲ။

**တုတ်ထိုး** - MMID မှာ ကိုယ် Vote ပေးလိုက်တဲ့သူ ရသွားလို့ Vote ရကျိုးနပ်ပြီလို့ ပြောနေတာ။
**အိုးပေါက်** - ကျုပ်ကတော့ အခုလို ဋ္ဌသအန တာကို အယုံအကြည်မရှိဘူး။ ဟဲဟဲဟဲ။

**တုတ်ထိုး** - ဘာလို့။
**အိုးပေါက်** - တချို့ဆိုရင် ဆွေတွေမျိုးတွေဝိုင်းပြီး vote ကြတယ်။ တချို့က ဒေသစွဲရပ်ရွာစွဲနဲ့ Vote ကြတယ်။

**တုတ်ထိုး** - ဒါပေမဲ့ တကယ်လည်း အရည်အချင်းရှိလို့ပေါ့ဗျာ။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ဘောလုံးပွဲတွေ Vote စနစ်နဲ့ ဖလားပေးရင်သိပ်ကောင်းမှာပဲ။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - ဒါဆို ကျုပ်တို့က ထိုင်းလည်း ကြောက်စရာမလိုတော့ဘူး။ Vote စနစ်နဲ့သာဆိုရင် ကျုပ်တို့မြန်မာဘောလုံးအသင်းဟာ ကမ္ဘာ့ဖလားတောင် ဗိုလ်စွဲသွားနိုင်တယ်။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဒါနဲ့ နေပါဦးဗျာ။ မနက်ဖြန်အားရင် ကျုပ်အိမ်တစ်ချက်လာခဲ့စမ်းပါဦး။ အိမ်အမိုးလေး တက်ပြီးဖာချင်လို့။ ခေါင်မိုးက မလုံဘူးဗျ။ ခုတစ်လော မိုးကကောင်းနေတော့ မိုး ခဏခဏ ယိုတယ်။
**အိုးပေါက်** - သိပ်စိတ်မပူပါနဲ့ဗျာ။ အေးအေးဆေးဆးပေါ့။ ကျုပ်တို့ ကချင်ပြည်နယ်က လွှတ်တော်ရုံးမှာတောင် မိုးမလုံဘူးလို့ကြားသဗျ။ မိုးမလုံလို့ လွှတ်တော်တောင် နားထားရသတဲ့ဗျ။ ဟဲ ဟဲဟဲ။

**တုတ်ထိုး** - လွှတ်တော် မိုးမလုံတာက သိပ်အရေးမကြီးဘူးဗျ။ လွှတ်တော်ထဲ ဘယ်သူမှ ညအိပ်ညနေ မနေကြဘူး။ ကျုပ်တို့ဘဝက စားလည်း ဒီနေရာ၊ အိပ်လည်းဒီနေရာ၊ ဧည့်ခန်းလည်း ဒါပါပဲ။
**အိုးပေါက်** - နောက်နှစ် မြန်မာအိုင်ဒေါဝင်ပြိုင်လေ။ ဆိုက်ကားလေး နင်းချင်နင်း၊ အကြော်လေး ရောင်းချင်ရောင်းပေါ့။ ဒါမှမဟုတ် အိမ်သာကျင်းတူးပေါ့ဗျာ။

**တုတ်ထိုး** - ဘာမှမဆိုင်ဘူး။
**အိုးပေါက်** - သိဘူးလေဗျာ။ ဘဝနာတတ်တဲ့သူတွေ မြန်မာအိုင်ဒေါမှာ သရဖူဆောင်းတတ်ကြလို့။

**တုတ်ထိုး** - ဒါ တိုက်ဆိုင်မှုပါဗျာ။ မြန်မာအိုင်ဒေါ ဝင်ပြိုင်ဖို့အတွက် အိမ်သာကျင်းတွေ မတူးခိုင်းလိုက်ပါနဲ့။
**အိုးပေါက်** - ဟဲဟဲဟဲ။ ချစ်လို့စတာပါဗျာ။

**တုတ်ထိုး** - မြန်မာအိုင်ဒေါကနေ ကျုပ်တို့ပြည်သူတွေ ဘာအမြတ်ရမယ်ထင်သလဲ။
**အိုးပေါက်** - ပြည်သူတွေတော့မသိဘူး။ အော်ရီဒူးကတော့ မြတ်မှာသေချာတယ်။ ဟဲဟဲဟဲ။

**တုတ်ထိုး** - ကျုပ်တို့ ပြည်သူတွေလည်း ယူတတ်ရင် အမြတ်ရမှာပါ။
အိုးပေါက် - ဘာပါလိမ့်ဗျာ။

**တုတ်ထိုး** - ၂၀၂၀ မှာလည်း ကိုယ်လိုချင်တဲ့ အစိုးရကို Vote ကြရမယ်။ ကိုယ့်အစိုးရကိုပြည်သူအင်အားနဲ့ မဲပေးပြီး ရွေးချယ်ကြရမယ်။ မဟုတ်ဘူးလားဗျာ။
**အိုးပေါက်** - အစိုးရရွေးချယ်ရင် အဆိုးတွေ ရရနေမှာလည်း စိုးပါတယ်။

**တုတ်ထိုး** - ဘာမှမပူပါနဲ့။ ပြည်သူ့အားကို ပြည်သူကိုယ်တိုင် တည်ဆောက်ကြမှာပါ။ ပြည်သူတွေ မအ'ကြပါဘူး။ ပြည်သူတွေကို ငတုံးငအလို ထင်နေတဲ့ သူကတော့ သူကိုယ်တိုင် အ'နေလို့ပါပဲ။

**အိုးပေါက်** - ဒါနဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးလည်း နှစ် ၃၀ ပြည့်သွားခဲ့ပြီနော်။

**တုတ်ထိုး** - ဖျောက်ဖျက်လို့မရတဲ့ သမိုင်းနေ့စွဲပေါ့ဗျာ။ ကျောက်စာကို ခဲဖျက်နဲ့ဖျက်မရသလို ပြည်သူလူထု ရင်ထဲစွဲနေတဲ့ အဲဒီနေ့ရက်ကို ပြည်သူတွေ ဘယ်မေ့မလဲဗျာ။
**အိုးပေါက်** - ဟုတ်တယ်။ ၁၉၆၂ မှာ တပ်မတော်က အာဏာသိမ်းခဲ့တယ်။ ဗိုလ်ချုပ်နေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ တစ်ပါတီအာဏာစနစ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ကျုပ်တို့နိုင်ငံဟာ ဖွတ်ကျောပြာစုဘဝကိုရောက်။ ပြီးတော့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ခဲ့ရတယ်။

**တုတ်ထိုး** - သမိုင်းဆိုတာ ဖုံးလို့မရဘူးဗျ။ မြေကြီးထဲ တူးမြှုပ်ထားလည်း နောက်မျိုးဆက်က ဖော်ထုတ်ကြမှာပဲ။ သုတေသီတွေက ရှာဖွေကြမှာပဲ။ ပညာရှင်တွေက သုံးသပ်ကြမှာပဲ။
**အိုးပေါက်** - အဲ့ဒီတုန်းက ၁၉၈၈ မတ်လ ၁၂ ရက်နေ့ပေါ့ဗျာ။ အဖြစ်က အင်းစိန်မြို့နယ် စန္ဒာဝင်းလက်ဖက်ရည်ဆိုင်မှာ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတွေနဲ့ အရပ်သားတွေ ခိုက်ရန်ဖြစ်ပွားခဲ့တယ်။

**တုတ်ထိုး** - ဟုတ်တယ်။ အဲဒါကိုအကြောင်းပြုပြီး ၁၉၈၈ မတ်လ ၁၃ ရက်ညမှာ လုံခြုံရေးတပ်ဖွဲ့တွေက ဝင်ရောက်စီးနင်းခဲ့ကြတယ်။ ကျောင်းသား ကိုဖုန်းမော်ကျဆုံးခဲ့တယ်။ ပြီးတော့ ကျောင်းသား ကိုစိုးနိုင်တို့ ကျဆုံးခဲ့တယ်။ ကျုပ်တို့ မမေ့ဘူးဗျာ။
**အိုးပေါက်** - အံ့မယ်။ ခင်ဗျားက ၈၈ အရေးအခင်းတုန်းက ကောင်းကောင်းကြီးမီခဲ့သေးတာပေါ့။

**တုတ်ထိုး** - ကျုပ်က အဲ့ဒီတုန်းက ပုဆိုးကွင်းသိုင်း၊ နှပ်ချေးတွဲလောင်းနဲ့ သူငယ်တန်းမှာပဲရှိသေးတာ။ အဟီး။
**အိုးပေါက်** - ဟွန်း။ ကျုပ်က ခင်ဗျားကို အထင်တွေဘာတွေကြီးလို့ ခင်ဗျားကိုယ်တိုင် တွေ့ကြုံခဲ့သလိုလို ပြောနေကြတော့ ကိုယ်တွေ့မှတ်တာ။

**တုတ်ထိုး** - မအအောင် သမိုင်းတွေလှန်ထားတဲ့ အကျိုး။ မအအောင် စာပေရဲ့အကျိုးတွေပေါ့ဗျာ။ ခင်ဗျားလည်း ဒိုးမဝေးအောင် စာများများ ဖတ်ဗျ။
**အိုးပေါက်** - ဟုတ်ကဲ့။ ဟုတ်ကဲ့ပါဗျာ။

**တုတ်ထိုး** - ဆိုပါတော့ဗျာ။ ဒီလိုနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကို ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။ တစ်နိုင်ငံလုံးဆိုပါတော့။
**အိုးပေါက်** - လက်ရှိ NLD အစိုးရထဲမှာရော လွှတ်တော်ထဲမှာရော၊ ရှစ်လေးလုံးအရေးတော်ပုံကနေ ပေါ်ထွက်လာကြတဲ့သူတွေ ရှိတယ်။ သမ္မတရော၊ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ရောပါတယ်။

**တုတ်ထိုး** - အခု လက်ရှိ NLD အစိုးရအနေနဲ့ရော ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်ကြပါ့မလား။
**အိုးပေါက်** - အဖုံးတောင် မနည်းပြင်ရမယ့်ကိန်းများ ဆိုက်နေကြသလား မသိဘူး။

**တုတ်ထိုး** - မှတ်တောင် ထားရဦးမယ်။
**အိုးပေါက်** - အခုထိတော့ ၂၀၀၈ ဖွဲ့စည်းပုံအနေနဲ့ ပတ်သက်ပြီး အသံတွေဟာ အုံ့ဩစရာကောင်းအောင် တိတ်ဆိတ်နေကြတယ်။ ဘာကြောင့်လဲ။

**တုတ်ထိုး** - အစိုးရမှာ အကျပ်အတည်းတွေ ရှိနေလို့နေမှာပေါ့။ ဘေးကြပ်နံကြပ်ထဲမှာ လူးလွန့်နေတဲ့ အနေအထားမှာပေါ့။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ လျှောက်နေရတဲ့ အနေအထားပေါ့ဗျာ။
**အိုးပေါက်** - လက်ရှိ NLD အစိုးရအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး ဘာလဲ ဘယ်လဲ။

**တုတ်ထိုး** - ခြေဥပြင်ဆင်ရေးမှာတော့ ဒီအစိုးရကို ကျုပ်တော့ အားမရဘူး။
**အိုးပေါက်** - စီးပွားရေးရော။

**တုတ်ထိုး** - အားမရဘူး။
**အိုးပေါက်** - ငြိမ်းချမ်းရေးရော။

**တုတ်ထိုး** - အားမရဘူး။
**အိုးပေါက်** - ဒီတော့. . . ။

**တုတ်ထိုး** - ဒီတော့ ပြည်သူ့အားနဲ့ ကိုယ်တင်တဲ့အစိုးရကို ဝိုင်းဝန်းကြတာပေါ့။
**အိုးပေါက်** - အစိုးရကရော ပြည်သူတွေကို ဂရုစိုက်ပါတယ်။

**တုတ်ထိုး** - ဂရုစိုက်ပါတယ်။ လမ်းတွေဆို တချို့ဖောက်ထားတာ ကောင်းပေါ့ဗျာ။ တစ်ချက်မှ မအိပ်ငိုက်ရဘူး။ ချိုင့်ခွက်တွေက လမ်းအနှံ့ပြည့်နေတတ်လို့။
**အိုးပေါက်** - ဟွန်း။

**တုတ်ထိုး** - ဒါပေမဲ့ ကျုပ်တော့ ကျေနပ်ပါတယ်။ ၂၀၂၀ မှာလည်း ဟိုအဘတွေထက်စာရင်တော့ ကိုယ်ရွေးချယ်ခွင့်ရမယ့် အကောင်းဆုံးအစိုးရကိုတော့ အတတ်နိုင်ဆုံးရွေးချယ်ကြရမှာပါပဲ။
**အိုးပေါက်** - ၂၀၁၅ ရွေးကောက်ပွဲတုန်းက ဒေါ်အောင်ဆန်းစုကြည်မျက်နှာကို ကြည့်ပြီး ပြည်သူတွေက မဲပေးခဲ့ကြတာနော်။

**တုတ်ထိုး** - ဟုတ်တယ်။
**အိုးပေါက်** - ဟိုအဘတွေကို သဘောမကျလို့ မဲပေးခဲ့တယ်ဆိုတာလည်း သတိရရမယ်။ ပြီးတော့။

**တုတ်ထိုး** - ပြီးတော့ ဘာဖြစ်တုန်း။
**အိုးပေါက်** - ၂၀၂၀ မှာမဲနိုင်ချင်ရင် တချို့လူကြီးမင်းတွေကို သတိပေးချင်တယ်။ ဘဝင်မမြင့်ကြပါနဲ့။ ဘဝမမေ့ကြပါနဲ့လို့။ ပြည်သူအပေါ် စေတနာထားကြပါလို့။

**တုတ်ထိုး** - ဒါပေါ့ဗျာ။ ။

# ၈၈ အရေးအခင်း နှစ် ပေါင်း ၃၀ ပြည့်ပြီ။ သူတို့လိုချင်ခဲ့တဲ့ ဒီမိုကရေစီ ရပြီလား ...



Salai
သတင်းထောက်
Salai@myitkyinanewsjournal.com

**ကိုကျော်ကျော်ဦး** (၈၈၈၈ အရေးတော်ပုံတွင် ကချင်ပြည်နယ် မြစ်ကြီးနား အထွေထွေသပိတ်ကော်မတီရဲ့ တွဲဖက်အတွင်းရေးမှူးနှင့် ကျောင်းသားခေါင်းဆောင် တာဝန်ယူခဲ့သူ)
(၈၈ နိုင်ငံရေးအကျဉ်းသားဟောင်း)



ပြည်သူတွေလိုနေတဲ့ဒီမိုကရေစီအန္တိမကိုတော့မရောက်သေးဘူးဗျ၊ ဒီမိုကရေစီဆိုတာ ကချက်ခြင်းလက်ငင်းကြီးဖော်ဆောင်လို့ရတဲ့ကိစ္စမဟုတ်ဘူး ကျွန်တော်သိသလောက်က ဘာကြောင့်လဲဆိုတော့ အဲ့ဒါတွေကအချိန်တွေအများကြီးပေးရတယ်။ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီသွားနေတဲ့လမ်းကြောင်းက ကျွန်တော်တို့မှာလူမျိုးရေးတွေအများကြီးရှိတယ်။ နောက်ပြီးတော့ပြည်တွင်းစစ်ကလည်း အများကြီး၊ ရောင်စုံသူပုန်ကလည်း အများကြီး ဒါကြီးကိုဖြေရှင်းနိုင်မှသာလျှင် ဒီမိုကရေစီလမ်းကြောင်းကိုဖြောင့်ဖြောင့်ကြီး လျှောက်လို့ရမှာလေ၊ ဒါမဲ့ ခုလျှောက်ရတဲ့အချိန်မှာတော့ လိုချင်တဲ့ဟာရလားလိုရင်တော့ ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင်တော့ မရသေးဘူးပေါ့ဗျာ။ ဒီမိုကရေစီအစစ်အမှန်ကို မရသေးဘူး။ ဘာကြောင့်လဲဆိုရင် အခုအများသိတဲ့အတိုင်းပဲ လွှတ်တော်ထဲမှာ တပ်မတော်သား ၂၅ ရာခိုင်နှုန်းက ကြီးစိုးထားတော့လဲ ဘယ်လိုမှပြည်သူလိုချင်တယ်ဒီမိုကရေစီကဘယ်လိုမှမရဘူး။ ဒါကြီးကို ၂၀၀၈ ဖွဲ့စည်းပုံကလည်းပိတ်ဆို့ထားတယ်၊ အဲ့ဒါကိုပြင်ဆင်ဖို့ဆိုတာကလည်း အခုတက်လာတဲ့NLD အစိုးရကိုယ်တိုင်ကဝန်ခံပြီ လွှတ်တော်ထဲကဘယ်လိုမှ ပြင်လို့မရဘူး။တခြားနည်းလမ်းတွေ ရှာတဲ့အခါကြတော့ ခုန ငြိမ်းချမ်းရေးလမ်းကနေပဲ လက်နက်ကိုင်တော်လှန်ရေး လုပ်ခဲ့ကြတဲ့သူတွေ အားလုံးပေါင်းစည်းနိုင်မှသာလျှင် ငြိမ်းချမ်းရေးလမ်းကြောင်းကိုရောက်မယ်။ ငြိမ်းချမ်းရေးလမ်းကြောင်းကိုရောက်ရင်းနဲ့ပဲ ဒီမိုကရေစီလမ်းကြောင်းက နည်းနည်းဖြောင့်ဖြူးနိုင်မယ်လို့ ကျွန်တော်တို့ကတော့ အဲ့လိုမြင်တယ်။ ဒါပေမယ့် ဒီဟာက ခရီးရှည်တစ်ခုကိုတော့ဖြတ်သန်းရအုံးမှာပါပဲ၊ နှစ်ပေါင်း ၆၀၊ ၇၀ ကြီးကိုဖျက်ဆီးခဲ့တဲ့ဟာကြီးကို ၂ နှစ် ၃ နှစ်နဲ့ပြင်ရဖို့ဆိုတာကအများကြီးဗျ။ ပျက်ဆီးခဲ့တဲ့အကျိုးဆက်တွေက အပြင်ဘက်မှာတွေကော အတွင်းဘက်မှာတွေကော လိုက်စားမှုတွေကော မြောက်မြားစွာကြီးကို ပြင်ရမှာတွေက ဒီ ၂ နှစ် ၃ နှစ်နဲ့ကတော့ မလွယ်ဘူး။ ဒါပေမယ့် စစ်အာဏာရှင်စနစ်ပေါ့ စစ်တပ်ကနေတိုက်ရိုက်အုပ်ချုပ်တဲ့ဟာကိုတော့ ဖြိုဖျက်နိုင်ခဲ့ပြီးပေါ့၊ ဒါပေမယ့် တစ်ခုက ၂၅ ရာခိုင်နှုန်းက ဘယ်အချိန်မှ လွှတ်တော်ထဲကထွက်မလဲ ဒီအစိုးရထဲက ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတွေ ယူထားတဲ့လူတွေက ဘယ်အချိန်မှ ထွက်မလဲ အဲအဖြေတစ်ခုကိုတော့ ပွင့်ပွင့်လင်းလင်းသိမှ ဖြတ်သန်းဖို့ဟာကို ပွင့်ပွင့်လင်းလင်းမြင်သာမှာဖြစ်တယ်၊ မဟုတ်ဘူးဆိုရင်တော့ ကျွန်တော်တို့သွားတဲ့ ဒီမိုကရေစီက စမ်းတဝါးဝါးနဲ့ သွားနေရတုန်းပဲ မြေစမ်းခရမ်းပျိုးသလို ဖြစ်နေတာပေါ့။

---

**ကိုရဲအောင်** (၈၈၈၈ အရေးတော်ပုံတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးအနေဖြင့် ပါဝင်ခဲ့သူ)



မနေ့က(ဩဂုတ်လ ၈ရက်) ဆိုရင် ၈၈၈၈ ရဲ့အရေးတော်ပုံက နှစ် ၃၀ ပြည့်ခဲ့ပါပြီ။ ဒီအရေးတော်ပုံရဲ့အဓိကရည်မှန်းချက်ကတော့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးကိုဦးတည်ခဲ့တဲ့အရေးတော်ပုံပဲ။ အဲဒီကာလတုန်းကတော့ တစ်ပါတီအာဏာရှင်စနစ် ဖြုတ်ချရေးကို အဓိကခေါင်းစဉ်တပ်ပြီးမှပေါ့။ ခုနောက်ပိုင်းကတော့ တစ်ပါတီအာဏာရှင်စနစ်ကို ဖြုတ်ချပြီးမှဒီမိုကရေးစီရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ဆိုတဲ့ဟာတွေကို ဦးတည်ပြီးတော့ တစိုက်မတ်မတ်ဖြတ်သန်းလာခဲ့တယ်။ အခုဆိုလို့ရှိရင်တော့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကနေတစ်ဆင့် တောက်လျှောက် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးဆိုပြီး အော်လာခဲ့ဟာကို အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ NLD ပါတီက အနိုင်ရပြီး အစိုးရဖွဲ့နိုင်ခဲ့တယ် ဦးဆောင်ခဲ့တာလ ၃ နှစ်ပြည့်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့လိုလားနေတဲ့ ဒီမိုကရေစီ စနစ်ဆိုတဲ့နေရာမှာ အပြည့်အစုံမရရှိသေးဘူးလို့ပဲ သုံးသပ်ပါတယ်၊ ဒီမိုကရေစီစနစ်ဆိုတဲ့ထဲက အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ဆိုတာလေးကိုကတော့ ကျွန်တော်တို့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ရရှိခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၁၅ ရွေးကောက်ပွဲက လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်တစ်ခုအဖြစ် အလုံးစုံမဟုတ်ရင်တောင် ရာခိုင်နှုန်းအများကြီးပေါ့ ရခဲ့ပါတယ်၊ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ အဓိကကျတဲ့ လွတ်လပ်စွာရွေးခြယ်တင်မြှောက်ခွင့် ဆိုတာလေးကိုတော့ ရခဲ့ပါတယ်။ ဒါပေမယ့် တစ်ဘက်မှာ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရတစ်ခုဖြစ်တဲ့ အစိုးရအဖွဲ့မှာမဏ္ဍိုင်ကြီး သုံးခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အပေါ်မှာ အပြန်အလှန် ထိန်းကျောင်းပြီးတော့ ပြည်သူတွေကိုကိုယ်စားပြုတဲ့ အစိုးရအဖွဲ့ ဖြစ်လာနိုင်ဖို့ကတော့ ကျွန်တော်တို့ အပြည့်အစုံမရရှိသေးပါဘူး၊ မရရှိသေးတာကလည်း အခြေအနေ ၂ ခုကိုကျွန်တော်တို့ တွေ့ရတယ်။ တစ်ခုက လက်ရှိမြန်မာနိုင်ငံမှာပြဋ္ဌာန်းထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကြောင့်ဖြစ်ပြီး နောက်တစ်ခုကတော့ နိုင်ငံရဲ့ဒီမိုကရေစီနဲ့ ပတ်သက်လာလို့ရှိရင် အတွေ့အကြုံ အတွေးအခေါ် အားနည်းနေတဲ့အချက်တွေက ဒါကိုမရရှိသေးပါဘူး။ ဒုတိယအဆင့်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတာကတော့ အခုမှ စလုံးရေးစဆိုတဲ့ အဆင့်ကိုပဲ ရှိနေတာကိုတွေ့ရပါတယ်။

---

**ကိုတိုးကျော်လှိုင်** (ရှစ်လေးလုံး နှစ်သုံးဆယ်ပြည့်အခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦး)




လွန်ခဲ့တဲ့နှစ် ၃၀ က ရှစ်လေးလုံးအရေးတော်ပုံမှာ ကျွန်တော်တို့ အဓိကတောင်းဆိုခဲ့တာတွေကတစ်ပါတီအာဏာရှင်စနစ်ချုပ်ငြိမ်းရေးပေါ့။ နောက်ပြီး ဒီမိုကရေစီရေး စတဲ့အဓိကတောင်းဆိုချက်တွေနဲ့ ဒီမိုကရေစီအရေးတော်ပုံမှာ ဆန္ဒဖော်ထုတ်ခဲ့ကြတယ်၊အခုလောလောလတ်လတ်အနေအထားမှာ ဒီဟာကိုပြန်ကြည့်မယ်ဆိုရင် တစ်ပါတီအာဏာရှင်စနစ်တော့ ချုပ်ငြိမ်းသွားတယ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုတော့ ရောက်လာပြီ ဒီမိုကရေစီရေးနဲ့ ပြောလို့ရှိရင်တော့နှစ် ၃၀ ကြာလာပြီဆိုတော့ ကျွန်တော်တို့ မျှော်မှန်းတဲ့ အိပ်မက်တွေကတော့ တကယ်အပြည့်အဝတော့ မဖြစ်သေးဘူး။ အခု ၂၀၁၅ ကနေစပြီ အဲ့ဒီတုန်းက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး တိုက်ပွဲမှာ တပ်ဦးလို ဖြစ်နေတဲ့ NLD အဖွဲ့က ၂၀၁၅ ရွေးကောက်ပွဲမှာအနိုင်ရပြီး အခု အစိုးရဖွဲ့ပြီး လုပ်ဆောင်နေတာတော့ရှိနေပြီ သို့သော် ကျွန်တော်တို့လိုချင်တဲ့ အိပ်မက်တွေကတော့ အပြည့်အဝတော့ မဟုတ်သေးဘူး။ ဘာလို့လဲဆိုရင် အဲ့တုန်းက ကျွန်တော်တို့တောင်းဆိုခဲ့တဲ့ထဲမှာ အာဏာရှင်စနစ်ထဲမှာ လက်ရှိစစ်တပ်ကနေပြီးတဲ့အခါမှာ နိုင်ငံရေးမှာဆက်ပြီးတော့ တော်တော်လေး လွှမ်းမိုးနေတဲ့အထားမှာ ရှိသေးတယ်။ တကယ်တမ်းဆိုရင် စစ်တပ်ကို အမျိုးသားရေးအင်အားစုတစ်ရပ်အနေနဲ့ ကျွန်တော်တို့လက်ခံလို့ရပါတယ်။ သို့သော် နိုင်ငံရေးမှာ ဦးဆောင်မှုအခန်းကဏ္ဍပေးရမယ်ဆိုတဲ့ဟာမျိုးပေါ့။ ပြောချင်တာက လက်ရှိမှာ ဒီမိုကရေစီ အပြည့်အဝမရသေးဘူး။ မရသေးတာကလည်း အဓိက ဘာကြောင့်လဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံကရှိနေတယ်လို့မြင်တယ်။ ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်ဖို့ဟာလည်းပဲ ဒီမိုကရေစီပြည့်ဝတဲ့နိုင်ငံတစ်ခုဖြစ်လာဖို့အတွက် ၂၀၀၈ ဖွဲ့စည်းပုံက အဓိကအတားအဆီးတစ်ခုဖြစ်တယ်။ ဒါကိုပြင်ဆင်နိုင်ဖို့တော့ ဆက်ပြီးကြိုးစားဖို့ လိုလိမ့်မယ်။ နောက်တစ်ခါ ခုလောလောလတ်လတ်မှာ နိုင်ငံသားတွေအားလုံး ဘေးကင်းလုံခြုံတဲ့အနေအထားမရှိသေးဘူး။ တိုင်းရင်းသားတွေအတွက် တန်းတူညီမျှတဲ့အခွင့်အရေးကိုလည်း လုပ်ပေးဖို့ရာလိုဦးမယ်။ တိုင်းရင်းသားဒေသတွေကိုလည်း တခြားဒေသများနည်းတူ တန်းတူဖွံ့ဖြိုးဖို့၊ နောက်ပြီး တိုင်းရင်းသားတွေလည်းပဲ နိုင်ငံသားညီအစ်ကိုတွေ ဖြစ်တဲ့အတွက် တန်းတူအခွင့်အရေးတွေရဖို့ ရှေ့ဆက်ပြီးအများကြီးလုပ်ဖို့လိုဦးမယ်။ ငြိမ်းချမ်းရေးကလည်း ရှေ့ဆက်ပြီး တော်တော်လေးကို လုပ်ဆောင်ရမယ့် အနေအထားရှိဦးမယ်။ ပြောချင်တာက နှစ်ပေါင်း ၃၀ ကိုပြန်ကြည့်လိုက်တဲ့အခါမှာ ဘာတွေ

ပြောင်းလဲလာခဲ့သလဲ။ ပြန်သုံးသပ်လိုက်တဲ့အခါမှာ တစ်ပါတီ အာဏာရှင်စနစ်ဆိုတာတော့ ချုပ်ငြိမ်းသွားတယ်။ သို့သော် ကျွန်တော်တို့မျှော်မှန်းတဲ့ အိပ်မက်တွေကတော့ နှစ်ပေါင်း ၃၀ ကြာတဲ့ခုချိန်ထိတော့ အပြည့်အဝမဖြစ်လာသေးဘူး ရှေ့ဆက်ပြီး လုပ်စရာတွေလည်း အများကြီးရှိနေသေးတယ်လို့ သုံးသပ်တယ်။ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကို တကယ်တမ်းပြောရင် နိုင်ငံတော်ကနေ တရားဝင်အသိအမှတ်ပြုပြီးတော့ နိုင်ငံတော်ကနေတရားဝင် ဒါကို အထိမ်းအမှတ်ကျင်းပရမယ့် အနေအထားမျိုးလေ။ ဒီလိုမျိုးလည်းပဲ ခုချိန်ထိဖြစ်မလာသေးဘူး။ နိုင်ငံတော်ကန အသိအမှတ်ပြုတယ်လို့ တရားဝင်ထုတ်ပြောတာမျိုးလည်း မရှိသေးဘူး။ နောက်တစ်ခါ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနဲ့ ပတ်သက်ပြီးတော့ ဒီထက်ပိုပြီးအသိအမှတ်ပြုတဲ့သဘောပေါ့။ ဥပမာ အမှတ်တရ တံဆိပ်ခေါင်းထုတ်ဝေတာမျိုး၊ အရေးတော်ပုံကို တစ်နိုင်ငံလုံးအနေအထားစတင်ခဲ့တဲ့ ၈ ရက် ၈ လ နေ့ကိုလည်း မြန်မာဒီမိုကရေစီရရှိရေးနေ့(သို့မဟုတ်) ဒီမိုကရေစီနေ့ အဲ့လိုမျိုးတရားဝင်အသိအမှတ်ပြုစေချင်တာမျိုးရှိတယ်၊ ရှစ်လေးလုံး နှစ် ၃၀ ကြာပြီးတဲ့အချိန်မှာ မှတ်တမ်းအနေနဲ့ ကျောင်းသင်ခန်းစာတွေမှာ သမိုင်းတွေမှာ ထည့်သွင်းနိုင်ဖို့ကိုလည်း ကျွန်တော်တို့ အိပ်မက်မက်ထားတာရှိတယ်၊ ကျွန်တော်တို့အိပ်မက်တွေကိုလည်း ဆက်ပြီး အကောင်အထည်ဖော်ရဦးမယ်။ ချုပ်ပြောရရင် မြန်မာနိုင်ငံက ဒီမိုကရေစီအပြည့်အဝတော့ မရသေးဘူး။ ဒီမိုကရေစီအပြည့်အဝမရသေးတာက အဓိကက ၂၀၀၈ ဖွဲ့စည်းပုံကြောင့်ဖြစ်နေတယ် နိုင်ငံရေးမှာ တပ်ကလည်းဆက်ပြီးပါနေတဲ့အတွက်ကြောင့်မို့ ဒီမိုကရေစီမရသေးတာဖြစ်တယ်၊ တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွေကိုလည်း ကျွန်တော်တို့ဆက်ပြီးတော့ လုပ်သွားဖို့လိုမယ်။ ဒီမိုကရေစီပြည့်ဝပြီးတော့ တကယ့်ကို နိုင်ငံသားတိုင်း တန်းတူညီမျှ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်တဲ့ ပြည်ထောင်စုတစ်ခုဖြစ်ဖို့ကတော့ ဆက်ပြီးအများကြီးလုပ်ရလိမ့်အုံးမယ်လို့ ကျွန်တော်ယူဆပါတယ်

---

# ဩဂုတ်လရှစ်ရက်နေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးစေလိုကြောင်း ဒေါ်ဘောက်ဂျာပါတီ သဘောထားထုတ်ပြန်




ဩဂုတ် ၁၀

၁၉၈၈ ခုနှစ် ၈ လပိုင်း ၈ ရက်ကဖြစ်ပွါးခဲ့သည့် ရှစ်လေးလုံးအရေးအခင်းနေ့ကို နောင်လာနောက်သားများ အောက်မေ့အမှတ်ရကျန်နေစေရန်အတွက် တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ် ဒီမိုကရေစီပါတီက ဩဂုတ်လ ၇ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။

"မြန်မာ့သမိုင်းမှာ တော်တော်လေးကို ထူးခြားခဲ့ပြီးတော့ အသက်ပေါင်းများစွာ စတေးခဲ့ကြတယ် သွေး၊ ချွေးတွေအများကြီးစတေးပြီးတော့ စစ်ဝါဒီစနစ်ကို တွန်းလှန်နိုင်ခဲ့တဲ့အတွက် ဒါကို အထိမ်းအမှတ် တစ်ခုအနေနဲ့ အစိုးရတစ်ရပ်က စစ်ဝါဒီ စနစ်ကိုတွန်းလှန်ပြီး ဒီမိုကရေစီလမ်းကြောင်းကို ရောက်ရှိအောင်ဖော်ဆောင်သွားတဲ့ အမှတ်ရစေတဲ့ ၈ လေးလုံး နေ့တစ်ရက်ကိုတော့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်စေချင်ပါတယ်" ဟု ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါ်ဘောက်ဂျာက ပြောသည်။

ထို့အပြင် အမှတ်တရပုံများနှင့် ဖြစ်ရပ်မှန်ဓာတ်ပုံများအား ခင်းကျင်းပြသပေးခြင်းမျိုး၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းအပြင် မော်ကွန်းဝင် အမှတ်တရ အဆောက်အဦပြတိုက်များတည်ဆောက်သွားခြင်းမျိုးဖြင့် မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းသွားရန် အထူးလိုအပ်နေကြောင်း ဒေါ်ဘောက်ဂျာက ထပ်မံပြောဆိုသည်။

ဆက်လက်ပြီးစစ်ဝါဒီလွှမ်းမိုးချယ်လှယ်နေသော လောင်းရိပ်အောက်မှ လွတ်မြောက်ရေးနှင့် တရားမျှတပြီး ကောင်းမွန်သော အခြေခံဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေး (သို့မဟုတ်) ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးတို့အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်နေသေးကြောင်းလည်း ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

"တရားမျှတပြီး ကောင်းမွန်တဲ့ အခြေခံဥပဒေသစ်တစ်ရပ်ပြန်လည်ပေါ်ထွန်းလာဖို့နဲ့ ၂၀၀၈ အခြေခံ ဥပဒေတွေကိုလည်း ပြန်လည်ပြင်ဆင်ဖို့လိုအပ်တယ်။ ပြည်သူတစ်ရပ်လုံး လူနေမှုအဆင့်အတန်းမြင့်မားလာဖို့ ပြီးတော့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ အညွန့်ကိန်းပယ်ပျက်နိုင်ဖို့ ဆက်ပြီး အားလုံးတိုက်ပွဲဝင်ဖို့ မျှော်လင့်ပါတယ်"ဟု ဒေါ်ဘောက်ဂျာက ထပ်မံပြောဆိုသည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကို နိုင်ငံတော်မှ တရားဝင် အသိအမှတ်ပြုကာ တရားဝင် အထိမ်းအမှတ်ကျင်းပပေးရန်နှင့် ယခုထက်ပို၍ ကျင်းပခြင်းမျိုးပြုလုပ်ပေးရန်လည်း လိုအပ်သည်ဟု ၈၈၈၈ နှစ်သုံးဆယ်ပြည့် အခမ်းအနား ဖြစ်မြောက်ရေးကော်မတီဝင် ကိုတိုးကျော်လှိုင်ကပြောသည်။

"ဒီထက်ပိုပြီး အသိအမှတ်ပြုတဲ့သဘောပေါ့။ ဥပမာ အမှတ်တရတံဆိပ်ခေါင်း ထုတ်ဝေတာမျိုး၊ အရေးတော်ပုံကို တစ်နိုင်ငံလုံးအနေအထား စတင်ခဲ့တဲ့ ၈ ရက် ၈ လ နေ့ကိုလည်း မြန်မာဒီမိုကရေစီ ရရှိရေးနေ့(သို့မဟုတ်) ဒီမိုကရေစီနေ့ အဲ့လိုမျိုးတရားဝင် အသိအမှတ် ပြုစေချင်တာမျိုးရှိတယ်။ ရှစ်လေးလုံးနှစ် ၃၀ ကြာပြီးတဲ့အချိန်မှာ မှတ်တမ်းအနေနဲ့ ကျောင်းသင်ခန်းစာတွေမှာ သမိုင်းတွေမှာ ထည့်သွင်းနိုင်ဖို့ကိုလည်း ကျွန်တော်တို့ အိပ်မက်မက်ထားတာရှိတယ်၊ ကျွန်တော်တို့ အိပ်မက်တွေကိုလည်း ဆက်ပြီးအကောင်အထည်ဖော်ရအုံးမယ်"ဟု ကိုတိုးကျော်လှိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် နိုင်ငံတဝှမ်းလုံးမှ ရဟန်းရှင်၊ လူ၊ ပြည်သူ၊ ကျောင်းသား၊ ဝန်ထမ်းများ၏ ညီညွတ်သော အင်အားဖြင့် ဆန္ဒထုတ်ဖော် အုံကြွခဲ့ကြသဖြင့် တစ်ပါတီအာဏာရှင်စနစ်ကို တွန်းလှန်ချုပ်ငြိမ်းစေခဲ့သော ကြီးမားသည့်နိုင်ငံရေး အောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့သည်။

Salai

---

# လိုင်ဇာမြို့တွင် ၄၃ နှစ်မြောက် ကချင်အာဇာနည်နေ့ကျင်းပပြုလုပ်

မြစ်ကြီးနား၊ ဩဂုတ် ၁၀

ဩဂုတ်လ ၁၀ ရက်တွင် ကျရောက်သည့် ၄၃ နှစ်မြောက် ကချင်အာဇာနည်နေ့ အခမ်းအနား၌ ကချင်လွတ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လပေးပို့သည့် သဝဏ်လွှာကို လိုင်ဇာမြို့တော်ဝန် ဦးဆဘော်လဇော်ကဖတ်ကြားခဲ့ကြောင်း သိရသည်။

သဝဏ်လွှာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်၊ ကချင်မျိုးနွယ်ဘိုးဘွားများ လက်ထက်ကတည်းက ကိုယ့်တိုင်းပြည်နှင့်လူမျိုးကို တန်ဖိုးထား နှစ်သက်မြတ်နိုးသည့်မျိုးချစ်စိတ်ဖြင့် နိုင်ငံရပ်ခြားမှ ဝင်ရောက်လာသည့် ရန်သူများကို အသက်သွေးရင်းပြီး အရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် မိမိတို့တတ်စွမ်းသည့် နည်းလမ်းများသုံးကာ တိုက်ထုတ်ခဲ့၊ အပ်နှံခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ ဘိုးဘေးတို့၏ အသက်သွေးများရင်းကာ ကာကွယ်ပေးခဲ့သဖြင့် လှပအေးချမ်းသည့် နိုင်ငံကို မျိုးဆက်သစ်များ ခံစားရရှိခဲ့ခြင်းဖြစ်သည့်အတွက် ၎င်းတို့ကို ကျေးဇူးတင်ကာ သတိရအောက်မေ့နေရမှာဖြစ်ပြီး ၎င်းတို့ချန်ထားခဲ့သော စည်းစိမ်ချမ်းသာကို တန်းဖိုးထား၊ အလေးထားရန်လိုအပ်ကြောင်း၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်၌ တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့ကြသည့် ကချင်တော်လှန်းရေးရဲဘော်များနှင့် ၎င်းလုပ်ငန်းစဉ်၌ ပါဝင်ခဲ့သူများကို ဂုဏ်ပြုသောအားဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော်မှ ပထမဆုံး




KIA/KIO ဟု စတင်ဖွင့်လှစ်ခဲ့၍ အသက်ပေးဆပ်ခဲ့သူ လထော်ဇော်ဆိုင်းကျဆုံးခဲ့ရာ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်ကို ကချင်အာဇာနည်နေ့ဟု အတည်ပြုသတ်မှတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ် ကချင်လူငယ်များကို ကချင်အာဇာနည်သူရဲကောင်းများ၏ သမိုင်းကို သင်ကြားပေးရမည့်အပြင် ကချင်လူမျိုးနှင့်တိုင်းပြည်အတွက်အသက်နှင့်ရင်းပြီး ကာကွယ်ခဲ့ကြသော မျိုးချစ်ရဲဘော်တို့ကို အောက်မေ့သတိရ ကျေးဇူးတင်ကာ ခွန်အားယူပြီး မိမိရောက်ရာ အရပ်၌ ကချင်လူမျိုးစုများအားလုံးပြုလုပ်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

KIO/KIA ၏ နိုင်ငံရေးပန်းတိုင်သို့ရောက်ရန် ကချင်လူမျိုးစုအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ကချင်ဆိုရိုးစကားအတိုင်း "ဒီနေ့စည်းလုံးမှုရှိရင် ဒီနေ့လွတ်လပ်ရေးရမည်"ဆိုသည့်အတိုင်း လုပ်ဆောင်သွားရမည်ဟုလည်းမိန့်ခွန်းတွင် ပါဝင်ကြောင်း သိရသည်။

KIO/KIA က ခံစားရသော ခံစားချက်များနှင့် အခက်အခဲများသည် ကချင်လူမျိုးစုများ ခံစားပေးနိုင်သလို ကချင်လူမျိုးစုများ၏ ဝမ်းနည်းမှုများ၊ ဆုံးရှုံးမှုများနှင့် ဆင်းရဲဒုက္ခများ ခံစားနေရမှုများကိုလည်း KIO/KIA ကထပ်တူထပ်မျှ မျှဝေခံစားပေးသွားမည်လည်း သဝဏ်လွှာတွင် ဖော်ပြပါရှိကြောင်း သိရသည်။

PH ဘရန်ဂျာ၊
မွန်းမွန်းပန်

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




## အစိမ်းရောင်အမွေအနှစ်

စာရေးသူ = ဂျူး

စာအုပ်တိုက် = ဂျူးစာပေ


တန်ဖိုး = ၁၀၀၀ ကျပ်

ဆရာမဂျူး Beauty မဂ္ဂဇင်းမှာ အခန်းဆက်ရေးသားခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ပါတယ်။ လူနဲ့သစ်ပင်၊ သစ်ပင်ဆိုတာ အစားအစာ၊ သစ်ပင်တွေဟာ ကမ္ဘာမြေရဲ့ အုပ်ထိန်းသူ၊ အစိမ်းရောင် ခရီးသည်များ၊ လူသားတို့ရဲ့ နေ့စဉ်အဟာရ၊ ဟင်းခတ်အမွှေးအကြိုင်၊ သစ်ပင်နဲ့ယမကာ၊ ရေမွှေးနဲ့အလှကုန်၊ အစိမ်းရောင်ဆေးဝါး၊ လှပမှုကို ပေးစွမ်းနိုင်သူများ၊ အစိမ်းရောင် ကြွယ်ဝမှု၊ သစ်ပင်နဲ့လူ့အဖွဲ့အစည်းစတဲ့ ခေါင်းစဉ်တွေအောက်ကနေ သဘာဝပတ်ဝန်းကျင်နဲ့လူတွေရဲ့ အပြန်အလှန်ဆက်စပ်မှု၊ အသုံးအချမှုများနဲ့ ဘေးထွက်ဆိုးကျိုးများကို ရေးသားထားခြင်းဖြစ်ပါတယ်။

ဒီကမ္ဘာကို လူသားတွေရောက်လာတဲ့အခါ သစ်ပင်တွေရဲ့သဘာဝဟာ အနှောင့်ယှက်ခံလိုက်ရတော့တယ်။ ရှေးခေတ်လူသားတွေဟာ ခရီးသွားရင်း အသီးတွေ သယ်ယူစားသုံး၊ ပြီးတော့ ရောက်တဲ့နေရာမှာ လွှင့်ပစ်ခဲ့တော့ အဲဒီနေရာမှာ အပင်မျိုးစေ့က ပေါက်တယ်။ အခုခေတ်ဆိုရင်တော့ လူတွေဟာ သစ်ပင်တွေကို အစေ့၊ အသီး၊ ပင်ပေါက် အမျိုးမျိုး မျိုးဆက်ဖို့ခရီးသွားရင်း သယ်သွားကြတယ်။ အခုတော့ သစ်ပင်တွေဟာ ဂျက်လေယာဉ်၊ သင်္ဘောကြီးတွေစီးပြီး နယ်အနှံ့ ခရီးဆန့်နေကြပြီ။ အဲဒီလို သဘာဝမဟုတ်ဘဲ ဒေသစိမ်းတစ်ခုကို သစ်ပင်တွေရောက်သွားတာ သိပ်တော့မကောင်းပါဘူး။ ထူးခြားမျိုးသစ်တွေဟာ ဒေသခံမျိုးဟောင်းတွေကို ဖျက်ဆီးပစ်လိုက်နိုင်သလို အဲဒီမျိုးဟောင်းတွေအပေါ် မှီခိုနေရတဲ့ တိရိစ္ဆာန်တွေကိုပါ မျိုးတုံးအောင် ဖျက်ဆီးပစ်တတ်ပါတယ်။

ပန်းသီးဟာ သမပိုင်းဒေသတွေမှာ နှစ်စဉ်စိုက်ပျိုးတဲ့သီးနှံပေါ့။ တစ်နှစ်ကို တန်ချိန် သန်း ၂၀ လောက်ထွက်ပါတယ်။ တကယ့် ရှေးဟောင်းပန်းသီးရဲ့ ဇာစ်မြစ်ကတော့ အာရှတိုက်အနောက်တောင်ပိုင်းက ရုရှား၊ အီရန်နဲ့ တူရကီနိုင်ငံတွေကြားဒေသလောက်လို့သိရပါတယ်။ ပန်းသီးမျိုးစိတ်ပေါင်း ၂၅ မျိုးလောက်ရှိတယ်။ မျိုးစပ်ပြီးသားတွေချည်းပါပဲ။ အဲဒီအထဲက ခြောက်မျိုးလောက်ကတော့ malus baccata နဲ့ အထူးသဖြင့် Malus sylvestris ဆိုတဲ့ ပန်းသီးချဉ်တို့ဟာ အခုခေတ်ပေါ် ပန်းသီးတွေရဲ့ ဘိုးဘွားတွေလို့ ပြောရပါမယ်။(စာ - ၁၉ မှ)

---




## ဖက်စိမ်းကွမ်းတောင် ရွှေ့ဝတ္ထုတိုများ

စာရေးသူ = ခင်ခင်ထူး

စာအုပ်တိုက် = မုဝံ စာအုပ်တိုက်

တန်ဖိုး = ၁၅၀၀ ကျပ်

ဆရာမ ခင်ခင်ထူး၏ ၂၀၀၃ ခုနှစ် အမျိုးသားစာပေဆုရ ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။ ယခုစာအုပ်တွင် အပုဒ်ရေ၁၅ ပုဒ်ပါဝင်ပြီး အားလုံးမှာ ရွှေအမြုတေမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့သော ဝတ္ထုများဖြစ်ပါသည်။ ဖက် စိမ်းကွမ်းတောင် အကြောင်းကို ဆရာမကအမှာစာတွင် ပြည့်ပြည့်စုံစုံဖော်ပြထားပြီး ဖက်စိမ်းကွမ်းတောင်မှာ ဝတ္ထုတိုတစ်ပုဒ်၏ ခေါင်းစဉ်မဟုတ်ဘဲ ဝတ္ထုတိုအားလုံး၏ ခေါင်းစဉ်အနေနှင့် တပ်ထားခြင်းသာ ဖြစ်သည်။ အညာငလေ့ ၊အညာသူအညာသားများဘဝ စသည်တို့ကို အရေးကောင်းလှသည့် ဆရာမ ခင်ခင်ထူး၏ စာအုပ်ကောင်းတစ်အုပ်မို့ ယခုတစ်ပတ်စာအုပ်စင်ကဏ္ဍအတွက် ညွှန်းလိုက်ရပါသည်။

ဦးစံကွန့်မှာက သားသမီးငါးယောက်ရှိတယ်။ အသက်ကလည်း ခြောက်ဆယ်ကျော်လို့ ရှစ်နှစ်တောင် စွန်းနေပြီ။ သည်တော့ သားတွေသမီးတွေက သူတို့အဖေကို သည်လိုဖြစ်လာလိမ့်မယ်လို့မထင်ခဲ့ကြဘူး။ အဖေဘာလုပ်လုပ် ဘာပြောပြော ဒီအတိုင်းပဲ ကြည့်နေကြတာပေါ့။ ကလေးဆိုးကြီးတစ်ယောက်လိုပဲ အလိုလိုက်ထားကြတာ။ ဖြုန်းဆို ခင်အေးချစ်ကို ဦးစံကွန့်က ယူတော့မယ်ဆိုတော့ ငိုလိုက်ကြတာ ဝက်ဝက်ကိုကွဲလို့။ ရှက်တာရော၊ ဖအေ သည်အရွယ်ကြီးကျမှ ဒုက္ခတွေ့မှာ စိုးတာရော။ ဦးစံကွန့်ပစ္စည်းတွေ ခင်အေးချစ်တို့ ပိုင်းချသွားမှာရော အစုံပါပဲ။

ခင်အေးချစ်ဆိုတာက ဦးစံကွန့်သားအကြီးဆုံးကမွေးတဲ့ မသီတာနှင့်မှ ရွယ်တူလောက်ပဲရှိဦးမယ်။ အသက်နှစ်ဆယ်ကျော် အစိတ်ကလေး။ ဦးစံကွန့်တို့ တိုက်ကြီးရှေ့မှာ အကြော်လာကြော်ရောင်းကြရင်း ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ ကလေးမလေး။ ခင်အေးချစ်ရဲ့ အမေမဒေါ်ဆို ကလေးနို့စို့တစ်ဖက်နှင့်။

ကိုလှသောင်းတို့မှာက မိသားစု ၁၀ ယောက်အိုးကြီး။ တစ်သိုက်တစ်မြုံလုံး သည်အကြော်ဖိုကလေး အားပြုစားနေရတာ။ ဦးစံကွန့်တို့နောက်ဖေး လမ်းကြားထဲမှာ တဲကလေးတစ်လုံး အနိုင်နိုင်ထိုးနေရတဲ့ဘဝတွေ။ ဦးစံကွန့်တို့ တိုက်ရှေ့မှာအကြော်ကြော်ရောင်းဖို့ ခွင့်တောင်းတော့ သနားတာနှင့်ပဲ ခွင့်ပြုလိုက်တာပါ။

မနက်ခင်း ဝေလီဝေမှောင် မှောင်လေးမှာ ခင်အေးချစ်က ထင်းတောင်းကြီးရွက်လာပြီး မီးဖိုတယ်။ အဲသည်အချိန်မှာ ဦးစံကွန့်က တုတ်ကောက်ကြီးနှင့် လမ်းလျှောက်ဖို့ တိုက်ထဲကထွက်လာပြီ။

"ဟဲ့ ကောင်မလေး ရောက်ပြီလား"

(စာ - ၇၆မှ)

## ဘွဲ့ရလူငယ်များ KSAS တွင် Full Scholarship Diploma Program လျှောက်ထားနိုင်

မြစ်ကြီးနား၊ ဩဂုတ် ၉

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ KSAS ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနေသော Kachin Studies Diploma Program ကို Full Scholarship အစီအစဉ်ဖြင့် တက်ရောက်လိုသည့် ဘွဲ့ရလူငယ်များကို ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

ယင်း Program တွင် ကချင်မျိုးနွယ်စုများ၏ သမိုင်းကြောင်း၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု နေထိုင်ပုံစရိုက် သဘာဝများကို အသေးစိတ် လေ့လာသင်ကြားပေးမည်ဖြစ်ကြောင်း KSAS ရုံးမှ တာဝန်ရှိသူတစ်ဦးက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

လျှောက်ထားလိုသူများ အနေဖြင့် ကချင်မျိုးနွယ်စုနှင့် ပတ်သက်သော အကြောင်းအရာများအပေါ် အမှန်တကယ် စိတ်ဝင်စားမှုရှိသူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူ၊ အင်္ဂလိပ်စာ အရည်အချင်း အတန်သင့်ရှိထားသူ ဖြစ်ရမည်ဟု ကန့်သတ်ထားသည်။

ထို Program သည် ၁၈ လကြာမြင့်မည်ဖြစ်ပြီး ပထမ ၆ လတွင် အင်္ဂလိပ်စာအပြင် သက်ဆိုင်ရာ ဘာသာရပ်များကို အသေးစိတ် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကာ ဒုတိယ ၆ လတွင် ဝါရင့်ဆရာ/မကြီးများဖြင့် လက်တွေ့ကွင်းဆင်းလေ့လာသင်ယူရမည်ဟု သိရသည်။

နောက်ဆုံး ၆ လတွင်မူ မိမိသင်ယူလေ့လာခဲ့ရသမျှ အကြောင်းအရာများကို Extend Essay ရေးသားခြင်းနှင့် ပြည်ပတက္ကသိုလ်များသို့ Master Degree ဆက်လက် သင်ယူနိုင်ရန် ပြင်ဆင်ရမည် ဖြစ်ကြောင်း သိရသည်။

KSAS (Kachinland School of Arts and Sciences) အနေဖြင့်လူငယ်များအတွက် Program များဖွင့်လှစ်သင်ကြားပေးနေပြီး လတ်တလောတွင် Yamagata University နှင့်လည်းချိတ်ဆက် လုပ်ကိုင်နေကြောင်း သိရသည်။

Ann

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၃၆၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၆၇၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၄၀၀ကျပ် |
| မြန်မာအာလူး | ၈၀၀ကျပ် |
| တရုတ်အာလူး ၁ပိဿာ | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၂၅၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| မြေပဲဆီ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် ၁ပိဿာ | ၈၀၀၀ကျပ် |
| ချင်း | ၁၅၀၀ကျပ် |

# ညအိပ်မပျော်ရင် ဒါလေးဖတ်ပါ

တစ်နေကုန် အလုပ်တွေ ပင်ပန်းထားပေမယ့် ညအိပ်ခါနီးကျမှ အိပ်မပျော်တာမျိုးက ဖြစ်တတ်ပါတယ်။

ဒါပေမယ့် နောက်တစ်နေ့မှာ အရေးကြီးမီတင်တွေကလည်း ရှိနေတော့ အိပ်ရေးပျက်လို့ကလည်း မရဘူး။ တကယ်တော့ အိပ်ရေးပျက်ရောဂါ (insomnia)က လူကိုတော်တော်ဒုက္ခပေးတာပါ။ ညဘက်နားချိန်ကလေးမှာ စိတ်အေးလက်အေးနဲ့ သက်တောင့်သက်သာ အိပ်ပျော်နိုင်ဖို့ အောက်ပါအချက်တွေကို သိထားသင့်ပါတယ်။

**၁။ အပူချိန်ကိုထိန်းညှိပါ**

ပူလွန်းရင် အိပ်မပျော်နိုင်သလို အေးလွန်းရင်လည်း အိပ်လို့အဆင်မပြေပါဘူး။ ဒါကြောင့် အခန်းအပူချိန်ကို ခင်ဗျားအိပ်လို့ သက်တောင့်သက်တာရှိမယ့် အနေအထားမှာ ထိန်းညှိထားပေးလိုက်ပါ။ အဲရ်ကွန်းဖွင့်မယ်ဆိုရင် မပူလွန်း၊ မအေးလွန်းတဲ့ အနေအထားမှာပဲထားပါ။ နောက်ပြီး ညအိပ်ခါနီးရင် essential oil တစ်မျိုးမျိုးကို လိမ်းပေးတာဟာလည်း ပိုမိုလွယ်ကူစွာ အိပ်မောကျနိုင်အောင် ကူညီပေးနိုင်ပါတယ်။ နောက်တစ်ခုကတော့ နေ့လည်ဘက်မှာနေရောင်ကို လုံလောက်စွာရရှိအောင် ခံယူတာဟာလည်း ခန္ဓာကိုယ်ရဲ့ဇီဝနာရီကို မှန်ကန်စေပြီး လူကိုကောင်းကောင်းအိပ်ပျော်စေပါတယ်။

**၂။ ညစာစားရင် သတိထားပါ**

လေ့လာမှုတွေက ဖော်ပြထားတာကတော့ မဂ္ဂနီစီယမ်နဲ့ ဗိုက်တာမင်ဘီစစ်ကြွယ်ဝတဲ့ အစားအသောက်တွေက အိပ်ရေးပျက်ရောဂါနဲ့ ဆက်စပ်နေပြီး ပိုမိုလွယ်ကူစွာ အိပ်မောကျစေပါသတဲ့။ နောက်ပြီး အချိုများတဲ့အစားအသောက်တွေကို အိပ်ယာဝင်ခါနီး စားသုံးခြင်းကို ရှောင်ရှားသင့်ပြီး မီလာတိုနင်(melatonin) မြင့်တက်စေဖို့ ပရိုတိန်းဓာတ်ပါဝင်တဲ့ အစားအသောက်တွေကိုတော့ နည်းနည်းစားပေးသင့်ပါတယ်။

အားလုံးသိထားပြီးတဲ့အတိုင်း ကဖင်းဓာတ်ကတော့ ခင်ဗျားရဲ့မျက်လုံးတွေကို အိပ်ချင်စိတ်ကြောင့် မျက်ခွံတွေ လေးလံလာခြင်းမှ ကာကွယ်ပေးထားမှာဖြစ်လို့ အိပ်ခါနီးကော်ဖီမသောက်သင့်ပါဘူး။

**၃။ စိတ်ကိုရှင်းလင်းထားပါ**

သားရေး၊ သမီးရေး၊ မိသားစုရေးနဲ့ ပူလောင်နေမယ်ဆိုရင်၊ ခေါင်းထဲမှာ တွေးစရာတွေများလွန်းနေမယ်ဆိုရင် အိပ်ရတာ အဆင်ပြေမယ်မထင်ပါဘူး။ ဒါကြောင့် အိပ်ခါနီးတရားထိုင်တာတို့၊ စိတ်ကိုငြိမ်းချမ်းစေမယ့် စာအုပ်လေးတွေ ဖတ်ပေးတာတို့က အိပ်ပျော်စေဖို့ အထောက်အကူ ဖြစ်စေပါတယ်။

**၄။ အိပ်ယာထဲကို လျှပ်စစ်ပစ္စည်းတွေ ယူမသွားပါနဲ့**

မိမိရဲ့အိပ်ခန်းထဲမှာ တီဗီတွေ၊ ကွန်ပျူတာတွေလို လျှပ်စစ်ပစ္စည်းတွေ ထားထားတာက အကြံကောင်းတစ်ခုတော့မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ညဘက်မှာ လျှပ်စစ်ပစ္စည်းတွေက ထုတ်လွှင့်တဲ့ blue light လို့ခေါ်တဲ့အလင်းက မျက်စိအာရုံကြောတွေကို ထိခိုက်စေနိုင်ပြီး အိပ်ခါနီးမျက်စိကြောင်စေနိုင်ပါတယ်။ နောက်ပြီး ဒါတွေသာ အိပ်ခန်းထဲရှိနေရင် အိပ်ခါနီး ဖုန်းပွတ်နေမိတာနဲ့ အိပ်ချင်စိတ်ပေါ်လာမှာ မဟုတ်တော့ပါဘူး။

**၅။ မနက်ပိုင်းအချိန်မှာလေ့ကျင့်ခန်းလုပ်ပေးပါ**

မိမိရဲ့ တစ်နေ့တာလုပ်ဆောင်မှုတွေက အိပ်စက်ခြင်းကို အကျိုးသက်ရောက်မှုရှိပါတယ်။ မနက်ပိုင်းအချိန်မှာ လေ့ကျင့်ခန်းလုပ်ပေးခြင်းဟာ ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်သလို ညအိပ်ယာဝင်ချိန်မှာ အလွယ်တကူ အိပ်မောကျအောင်လည်း ကူညီပေးနိုင်ပါတယ်။ နေရောင်ခြည်နဲ့ မနက်ခင်းလေပြည်လေညင်းလေးတွေရဲ့ကုထုံးက တစ်နေ့တာလုံး စိတ်ကိုကြည်လင်လန်းဆန်းစေရုံသာမက ညအိပ်ယာဝင်ချိန်မှာလည်း အထောက်အကူပြုနိုင်တာကို တွေ့ရှိရမှာပါ။

duwun.com

# Selfie လှလှ ရိုက်ရအောင်



- ပုံကောင်းတစ်ပုံရဖို့ မှန်ကန်တဲ့ (Light, angle, setting နဲ့ photo filters)ရှိဖို့ လိုပါတယ်။
- ၅ ပုံကနေ ပုံ ၅၀ လောက်အထိ အကြိုက်ဆုံးတစ်ပုံရအောင် ယူပါ။ တစ်ပုံတည်းရိုက်ပြီး ကျေနပ်တဲ့ပုံရဖို့ မလွယ်လို့ပါ။
- ပိုကောင်းမွန်တဲ့ Selfie ပုံရဖို့အတွက် အောက်ပါ ၁၀ ချက်က အထောက်အကူပေးနိုင်မှာပါ။

၁။အလင်းကောင်းကောင်း ရှိရပါမယ်
(need good lighting (or) natural Light)
၂။ အရိပ်ရှောင်ရှားရပါမယ်။ ဥပမာ - အကောင်းဆုံး Selfie ရိုက်ရမယ့်အချိန်ဟာ နေထွက်ချိန် (Sunrise) နှင့် ညနေဆည်းဆာ (Sunset)ပဲ ဖြစ်ပါတယ်။
၃။ Selfie ပုံ များများရိုက်ပါ။ ပြီးမှ အကောင်းဆုံးတစ်ပုံကို ရွေးချယ်လိုက်ပါ။
၄။ Angle ယူတာ မှန်ရပါမယ်။ ဥပမာ - ဖုန်းရဲ့အောက်ခြေနှင့် ကိုယ့်မျက်လုံး Level တစ်တန်းတည်းထားပြီး ရိုက်ပါ။
၅။ မှန်ကန်တဲ့ App နှင့် Filters ကို အသုံးပြုပါ။
၆။ အလွန်အကျွံ Edit မလုပ်ပါနဲ့။ ဥပမာ - သဘာဝရုပ်နဲ့ မတူအောင် လုပ်တာမျိုး မဖြစ်စေနဲ့။
၇။ ပုံရဲ့ နောက်ခံ (Background) ကို သတိထားပါ။ ဥပမာ- နောက်က လိုက်ပြောင်တဲ့ သူငယ်ချင်းတွေ (Photo bombers) တွေကို ရှောင်ပါ။
၈။ သဘာဝကျတဲ့အပြုံး၊ အကြည့်နှင့် အမူအရာတွေကို ရအောင်ယူပါ။
ဥပမာ - Selfie ရိုက်နေစဉ် မျက်လုံးမှိတ်သွားတာမျိုး၊ ကိုယ့်အပြုံးက ဟန်ဆောင်အပြုံး (Fake Smile) ဖြစ်နေတာမျိုးကို ရှောင်ပါ။
၉။ ကိုယ့်စိတ်ကို ပုံမှန်လေးဖြစ်အောင် ထားပါ။ Relax လုပ်ထားပါ။
၁၀။ Selfie ကို ဒီပုံစံရမှဖြစ်မယဆိုပြီး ပုံသေမတွေးထားပါနဲ့။ ဥပမာ- ကိုယ်ကြိုက်တဲ့ Selfie ပုံကို မရမက ရအောင်ကြိုးစားရိုက်တာမျိုး မလုပ်ပါနဲ့။ ဘာလို့လဲဆိုတော့ ကြာရင် စိတ်ပျက်မိမှာစိုးလို့ပါ။

ဒီအချက် ၁၀ ချက်နဲ့ ကိုက်ညီအောင် လုပ်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံး Selfie ပုံတွေကို ပိုင်ဆိုင်နိုင်မှာ အသေအချာပါပဲ။

မျိုးမြတ်မြတ်ပန်

## Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၃ - ၈ - ၂၀၁၈ မှ ၉ - ၈ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် -
**မင်္ဂလာကုတင်**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် -
**The Mag**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ရက်သတ္တရှစ်ပတ်အတွင်း ဆိုင်ကယ်လိုင်စင် လာလုပ်သူပေါင်း ၇၀၀၀ ကျော်ခန့်ရှိ

မြစ်ကြီးနား၊ ဩဂုတ် ၈

ကချင်ပြည်နယ်တွင်ဇွန်လ ၁၈ ရက်မှစ၍ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးခဲ့ရာ လက်ရှိအချိန်တွင် ဆိုင်ကယ်အစီး ၄၀၀၀ နီးပါးခန့် ဆောင်ရွက်ပေးပြီးကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)မှသိရသည်။

လတ်တလောတွင် တစ်ရက်လျှင် ဆိုင်ကယ်အစီး ၁၀၀ ကျော်ခန့် ပြုလုပ်ပေးနေကြောင်းသိရပြီး ဩဂုတ်လ ၉ ရက်နေ့အထိ မြစ်ကြီးနားမြို့တွင် ၄၀၄၁ စီး၊ မိုးညှင်းတွင် ၁၄၁၆စီး၊ဗန်းမော်ခရိုင် ၁၉၀၀ စီး ပြုလုပ်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကချင်ပြည်နယ်တွင် ၁၉၉၉ ခုနှစ်မှစ၍ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးခဲ့ရာ ထိုနှစ်တွင် နှစ်ကြိမ်၊ ၂၀၀၄၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၇ တို့တွင် တစ်ကြိမ်စီပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"ဒါပြီးရင်တော့ နောက်ဘယ်တော့ ပြန်လုပ်ပေးမယ်ဆိုတာ မသိသေးဘူး။ အခုဈေးနှုန်းက ပြည်သူတွေအားလုံးအတွက် အစိုးရဘက်က အသက်သာဆုံးပြုလုပ်ပေးတာကြောင့် အရင်နှစ်ကထက်စာရင် သက်သာတယ်ပြောရမှာပဲ"ဟု ပြည်တွင်းအခွန်ဦးစီးဌာနမှ အကြီးတန်းစာရေး ဦးနိုင်လင်းစိုးက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

လိုင်စင်များကို တစ်နေ့တည်း အပြီးပြုလုပ်ပေးပြီး ပြုလုပ်သူများအနေဖြင့် မှတ်ပုံတင် မိတ္တူတစ်စောင်နှင့် ကျသင့်ငွေသာ ယူဆောင်လာရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ANN/ BENADETH

## ထုတ်လုပ်သည့် ခုနှစ်အလိုက် ဆိုင်ကယ် လိုင်စင် ဈေးနှုန်းများပြဇယား

| ဌာန | ၂၀၁၁ ခုနှစ်အောက် | | | | | | | ၂၀၁၂-၂၀၁၇ | | | | | | | ၂၀၁၈ ခုနှစ် အထက် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဘတ္တရီ ဆိုင်ကယ် | (၁၁၀)စီစီနှင့် အောက်အုပ်စု | | | (၁၂၅)စီစီနှင့် အထက် | | | ဘတ္တရီ ဆိုင်ကယ် | (၁၁၀)စီစီနှင့် အောက်အုပ်စု | | | (၁၂၅)စီစီနှင့် အထက် | | | ဘတ္တရီ ဆိုင်ကယ် | (၁၁၀)စီစီနှင့် အောက်အုပ်စု | | | (၁၂၅)စီစီ အထက် | | |
| | | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် | | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် | | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် | တရုတ် | ထိုင်း/ အိန္ဒိယ/ ဗီယက်နမ် | ဂျပန် |
| ဆိုင်ကယ်(၁)စီး၏ စည်းကြပ်တန်ဖိုး | ၅၀၀၀၀ | ၅၀၀၀၀ | ၈၀၀၀၀ | ၇၀၀၀၀၀ | ၆၀၀၀၀ | ၁၀၀၀၀၀ | ၈၀၀၀၀၀ | ၇၀၀၀၀ | ၇၀၀၀၀ | ၁၂၀၀၀၀ | ၁၀၀၀၀၀၀ | ၈၀၀၀၀ | ၁၄၀၀၀၀ | ၁၁၀၀၀၀၀ | ၁၈၀၀၀၀ | ၁၈၀၀၀၀ | ၃၀၀၀၀၀ | ၁၅၀၀၀၀၀ | ၂၀၀၀၀၀ | ၃၅၀၀၀၀ | ၁၆၀၀၀၀၀ |
| တန်ဖိုး၏၅၀% | ၂၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၆၀၀၀၀ | ၅၀၀၀၀၀ | ၄၀၀၀၀ | ၇၀၀၀၀ | ၅၅၀၀၀၀ | ၉၀၀၀၀ | ၉၀၀၀၀ | ၁၅၀၀၀၀ | ၇၅၀၀၀၀ | ၁၀၀၀၀၀ | ၁၇၅၀၀၀ | ၈၀၀၀၀၀ |
| ကညန | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ | ၃၂၄၀၀ |
| အာမခံ | ၈၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၈၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၈၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ဘဏ် | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ | ၇၀၀ |
| စည်ပင် | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၀ |
| အခွန်စုစုပေါင်း | ၆၉၃၅၀ | ၆၅၃၅၀ | ၈၀၃၅၀ | ၃၉၀၃၅၀ | ၇၀၃၅၀ | ၉၀၃၅၀ | ၄၄၀၃၅၀ | ၇၉၃၅၀ | ၇၅၃၅၀ | ၁၀၀၃၅၀ | ၅၄၀၃၅၀ | ၈၀၃၅၀ | ၁၁၀၃၅၀ | ၅၉၀၃၅၀ | ၁၃၄၃၅၀ | ၁၃၀၃၅၀ | ၁၉၀၃၅၀ | ၇၉၀၃၅၀ | ၁၄၀၃၅၀ | ၂၁၅၃၅၀ | ၈၄၀၃၅၀ |

## မြစ်ကြီးနားမြို့ Mobile Phone ဈေးနှုန်းများ

| Samsung | |
|---|---|
| S9 Plus | 1400000 ks |
| Note 8 | 1275000 ks |
| Note Fan | 790000 ks |
| A8 2018 | 615000 ks |
| A8 Star | 789000 ks |
| A6 Plus | 499000 ks |
| J7 Plus | 495000 ks |
| J6 | 315000 ks |
| J4 | 219000 ks |
| J5 Pro | 349000 ks |
| J7 Core | 209000 ks |
| S9 | 1090000 ks |
| J7 Prime | 299000 ks |
| Tab S3 | 918000 ks |
| S2 | 572000 ks |
| Tab J | 259000 ks |
| TabA (8") | 343000 ks |
| **Vivo** | |
| V9 | 399000 ks |
| Y53 | 169000 ks |
| Y81 | 259000 ks |
| Y85 | 319000 ks |
| Y52 | 155000 ks |
| M6s (3GB+32GB) | 239000 ks |

| Huawei | |
|---|---|
| P20 pro | 1099000 ks |
| Nova 2i | 309000 ks |
| Y9 2018 | 259000 ks |
| Y7 Pro 2018 | 199000 ks |
| Y6Prime 2018 | 159000 ks |
| Y5 Prime 2018 | 136000 ks |
| M3 2017 | 339000 ks |
| Y3 2017 | 99000 ks |
| **Oppo** | |
| F7 | 359000 ks |
| F7 youth | 279000 ks |
| A71k | 179000 ks |
| A37 | 169000 ks |
| **Meizu** | |
| PRO7/7Plus( 4GB+64GB ) | 399000 ks |
| M6 note (3GB+32GB) | 249000 ks |
| M6s (3GB+32GB) | 239000 ks |
| M5note (3GB+16GB) | 169000 ks |
| M5c (2GB+16GB) | 129000 ks |
| M5c(2GB+32GB) | 149000 ks |

| Xiaomi | |
|---|---|
| Mi A1 (4GB+64GB) | 319000 ks |
| Mi A1(4GB+32GB) | 299000 ks |
| Mi Max2(4GB+64GB) | 369000 ks |
| Mi Mix 2s (6GB+64GB) | 699000 ks |
| Redmi Note5(4GB+64GB) | 279000 ks |
| Redmi Note5(3GB+32GB) | 329000 ks |
| Redmi S2 | 225000 ks |
| Redmi 5Plus(3GB+32GB) | 225000 ks |
| Redmi 5Plus(4GB+64GB) | 249000 ks |

OVI Mobile
မှကောက်ယူထားသော ဈေးနှုန်းများဖြစ်ပါတယ်။

# စားကျက်မြေ ပျောက်တော့မယ့် လယ်သမားတို့ဘဝ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ကျေးရွာသုံးရွာမှ လယ်သမားများမှီခိုနေသော စားကျက်မြေကို တရုတ်သူဌေးတစ်ဦးထံ ရောင်းချတော့မှာဖြစ်တဲ့အတွက် စိုးရိမ်ပူပန်နေရတယ်လို့ ရွာသားတွေကပြောပါတယ်။



စားကျက်မြေကို ကျေးရွာနေ ရွာသားတစ်ဦးက ဝက်မွေးမြူရေးခြံပြုလုပ်ဖို့ ရောင်းချရန်ကြံရွယ်နေပြီး အဲ့သလိုလုပ်ကိုင်မယ်ဆိုရင် ဒေသခံတွေအတွက် ထိခိုက်နစ်နာမှုတွေ ရှိလာနိုင်တယ်လို့ ရွာသားတွေကဆိုပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်လို့သက်ဆိုင်ရာတာဝန်ရှိသူတွေကိုတိုင်ကြားထားပေမယ့် အကူအညီအနည်းငယ်သာ ရရှိသေးတယ်လို့သိရပါတယ်။

ဝိုင်းမော်မြို့ ဝါးရှောင်ကျေးရွာအုပ်စု အောင်ရာယန်ကျေးရွာမှာ နေထိုင်တဲ့ အသက် ၅၅ နှစ် အရွယ်ရှိ လယ်သမားကြီး ဦးဇယော်ဟောင်းလွမ်း တစ်ယောက်ဟာ မိုးရာသီကုန်ရင် သူ့နွားတွေအတွက် စားကျက်မြေမရှိတော့မယ့် အရေးကိုတွေးပြီး စိတ်ပူနေမိပါတယ်။ ဒီလိုစိုးရိမ်မှုမျိုးက ဦးဇယော်ဟောင်းလွမ်း တစ်ယောက်တည်းမဟုတ်ပါဘူး။ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေတဲ့ ကျေးရွာသုံးရွာက လယ်သမားတွေကလည်း ထပ်တူညီစွာနဲ့ စိုးရိမ်နေကြပါတယ်။

အဲ့ဒီစားကျက်မြေ နေရာကို အောင်ရာယန်ကျေးရွာမှာနေထိုင်နေတဲ့ လယ်သမားတစ်ဦးဖြစ်သူ ဦးယိမ်းဘောမ်က သူ့ရဲ့ဘိုးဘွားပိုင်မြေလို့ ပြောပြီး တရုတ်သူဌေးတွေကို ရောင်းဖို့ ကြံရွယ်နေကြောင်း ဦးဇယော်ဟောင်းလွမ်းက ဆိုပါတယ်။

ဝါးရှောင်ကျေးရွာအုပ်စုဟာ ကချင်ပြည်နယ် ဝိုင်းမော်မြို့မှ ၁၅ မိုင် အကွာမှာ ရှိတဲ့ရွာတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါတယ်။ ဘေးပတ်ဝန်းကျင်မှာ ရာဘာခြံတွေသာရှိတဲ့အတွက် နွားစားကျက်မြေနေရာဖြစ်တဲ့ ဤနေရာကို အောင်ရာယန်ကျေးရွာ၊ ဝေဘကျေးရွာ၊ လွယ်ဂျော်ကျေးရွာတွေမှီခိုနေကြတာပါ။ ကျေးရွာသုံးရွာတွင် အိမ်ထောင်စု နှစ်ရာကျော်၊ လူဦးရေတစ်ထောင်ကျော် ရှိပါတယ်။ စားကျက်မြေက ကျေးရွာတွေရဲ့ သုံးမိုင်ခန့်ဝေးတဲ့နေရာမှာရှိပြီး ဧကသုံးဆယ်ခန့်ကျယ်ဝန်းပါတယ်။

၎င်းစားကျက်မြေနေရာကို ၂၀၀၈ခုနှစ်မှာ တရုတ်သူဌေးတစ်ဦးက ရာဘာခြံစိုက်ဖို့ ခြံတွေကိုဝယ်ယူခဲ့ရာမှ အဆိုပါမြေနေရာကိုပါ သိမ်းယူခဲ့တဲ့အတွက် ရွာသားတွေက ခိုက်ရန်ဖြစ်ပြီး မြေနေရာတွေကို ပြန်လည်သိမ်းယူခဲ့တာပဲ ဖြစ်ပါတယ်။ ပြန်လည်တောင်းယူရာမှာ ထိခိုက်ဒဏ်ရာတော့ မရှိခဲ့ဘူးလို့ ရွာသားတွေက ဆိုပါတယ်။

လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်တဲ့ ဝါးရှောင်ကျေးရွာအုပ်စုအတွက် အခုကြုံတွေ့နေရတဲ့ စားကျက်မြေကိစ္စဟာ အလွန်ကြီးမားတဲ့ အခက်အခဲတစ်ခုပါ။ စားကျက်မြေကိုရောင်းစားရင် သူတို့မိသားစုသာမက ရွာသူရွာသားတွေပါ လယ်ယာလုပ်ကိုင်ဖို့ ဒုက္ခကြုံတွေ့နိုင်တယ်လို့ အောင်ရာယန်ကျေးရွာမှ ဦးဖယော်ဟောင်းလွမ်းက ပြောပါတယ်။

"အခုအကုန်လုံးက အဲ့ဒီနွားစားကျက်မြေကိုပဲ အသုံးပြုနေကြတာ လယ်ယာလုပ်ငန်းကိုလည်း နွားနဲ့ပဲ လုပ်စားနေကြတယ်။ အခက်အခဲကတော့ ကြုံတွေ့ရမှာပေါ့နော်။ မိသားစုထဲမှာ အဲ့စားကျက်မြေမရှိတော့ဘူးဆိုရင် ကျွန်တော်တို့အိမ်ထောင်စုတစ်စုတည်းမဟုတ်ပါဘဲ အားလုံးခက်ခဲသွားကြမှာပေါ့။ ကျွန်တော်တို့ မိသားစုလည်းခက်ခဲမယ် အားလုံးညီတူညီမျှခက်ခဲသွားကြမယ်"လို့ ပြောပါတယ်။

အခုလက်ရှိမှာတော့ တရုတ်လူမျိုးများက ဒီမြေနေရာကို တရုတ်ဝက်မွေးမြူဖို့အတွက် ဝယ်ယူနေတာဖြစ်တယ်လို့ ရွာသားတွေရဲ့ ပြောပြချက်အရ သိရပါတယ်။ ဝါးရှောင်ကျေးရွာအုပ်စုမှာ မြေအများစုက ပိုင်ဆိုင်ကြောင်းအထောက်အထား မရှိသလို ယခုစားကျက်မြေနေရာနှင့် ပတ်သက်ပြီးတော့လည်း ပိုင်ဆိုင်ကြောင်းမြေနေရာ အထောက်အထားမရှိကြောင်း ပြောပါတယ်။ တရုတ်နိုင်ငံသားတွေကို ရောင်းချမယ့် ဦးယိမ်းဘောမ်ကလည်း စာရွက်စာတမ်းအထောက်အထား မရှိဘူးလို့ ရွာသားတွေက ဖြည့်စွက်ပြောကြားထားပါတယ်။ ဦးယိမ်းဘောမ်ကို ဆက်သွယ်မေးမြန်းဖို့ကြိုးစားပေမယ့် အဆက်အသွယ်မရရှိခဲ့ပါဘူး။

အောင်ရာယမ်ကျေးရွာမှ လယ်သမားတွေကတော့ ဒီစားကျက်မြေက သူတို့ရဲ့ ကျွဲ၊ နွားတွေအတွက် အလွန်အရေးကြီးတာကြောင့် ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူးထံ စီစစ်ပေးရန် စာပို့ထားတယ်လို့ ဆိုပါတယ်။ ကျေးရွာရဲ့ တိုင်ကြားချက်နဲ့ ပတ်သက်ပြီး စီစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝိုင်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်က ပြောပါတယ်။

"ရောင်းစားနေတယ်ဆိုတာ ကျွန်တော်တို့က အခုမှ စစ်ဆေးခိုင်းတုန်းဘဲ ရှိသေးတာ။ မြေကဘာမြေလဲ။ စားကျက်မြေ ဟုတ်လား။ မဟုတ်ဘူးလား။ မြေလွတ်၊ မြေရိုင်းလားဆိုတာ အခုမှ စစ်ဆေးတုန်းပဲရှိသေးတာ။ မြေစာရင်းက စစ်ဆေးပြီးသွားလို့ရှိရင် မြေရာဇဝင်နဲ့ ဘယ်လိုအမျိုးအစားလဲ။ တောင်သူတွေလုပ်ကိုင်နိုင်တဲ့ မြေတွေလား။ ဒါမှမဟုတ်မြေလွတ်မြေရိုင်းလား ဒါမှမဟုတ်စားကျက်မြေ သတ်မှတ်ထားတဲ့ စားကျက်မြေလား။ ဒီမြေရာဇဝင်တွေ ထွက်လာတဲ့အခါကျမှပဲ ကျွန်တော်တို့က အဖြေရှင်းပြလို့ရမှာ လောလောဆယ်ကတော့ စစ်ဆေးဆဲဖြစ်နေတဲ့ အတွက်ကြောင့် ခုနကပြောသလို ညွှန်ကြားတာမရှိသေးဘူး"လို့ ဆိုပါတယ်။

လက်ရှိမှာတော့ အဆိုပါစားကျက်မြေကို အသုံးပြုနေဆဲဖြစ်ပြီး မိုးရာသီကုန်လာရင်တော့ ဝက်လာရောက်မွေးမြူဖို့အတွက် စားကျက်မြေတွေ စတင်ဆောင်ရွက်နိုင်ခြေရှိတာကြောင့် ရွာသားများနဲ့ ပြဿနာ ဖြစ်ပေါ်လာနိုင်ကြောင်း သိရပါတယ်။

အောင်ရာယန်ရွာသားဖြစ်သူ ဦးထုန်းရှိန်ဇုန်းနူးကတော့ သူ့အနေနှင့် စားကျက်မြေကို လက်လွှတ်ဆုံးရှုံးမခံနိုင်ကြောင်း ပြောပါတယ်။

"ကျွန်တော်တို့က နှစ်ပေါင်းမြောက်များစွာ သွားနေလာနေတဲ့အတွက်ကြောင့် ဒီနေရာကို ဒီလိုမျိုးလုပ်ငန်းရှင်အနေနဲ့ တစ်ဦးတစ်ယောက်ရောင်းစားတာမျိုး နောက်ပြီးမှ ဒီဝက်မွေးမယ်ဆိုရင်တော့ ဝက်ပဲမွေးမွေး ဘာပဲမွေးမွေး ကျွန်တော်တို့က ဒီနေရာကိုတော့ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး"လို့ ပြောပါတယ်။









www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဩဂုတ် ၁၃ ၊ ၂၀၁၈)

# သဘာတူညီချက်အလွယ်ရမည့် အကြောင်းအရာထက်နိုင်ငံရေးပြဿနာများ အဖြေထွက်ရေးကိုဦးစားပေးစေချင်

မသီတာ (စမ်းချောင်း)

ငြိမ်းချမ်းရေးညီလာခံကြီး တစ်ချီတစ်မောင်း ပြီးပြန်ပါပြီ။ အသံမျိုးစုံလည်း ကြားရပါတယ်။ အထူးသဖြင့် အဖွင့်မိန့်ခွန်းတချို့ကို ဝေဖန်သံတွေ ညံစည်ခဲ့ပါတယ်။ နိုင်ငံအတွက် အရေးကြီးဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးကိစ္စဟာ လွယ်လွယ်နဲ့ အရာမထင်နိုင်ဘူးဆိုတာ ပြည်သူအများက မျှော်လင့်ပြီးသားပါ။ တကယ်တော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပစ်အခတ်ရပ်စဲရေးစာချုပ်နဲ့ ငြိမ်းချမ်းရေးပဋိညာဉ်ရယ်လို့ကတိကဝတ်ဆိုင်ရာ သဘောတူညီမှုနှစ်ရပ်ဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ ဒီသဘောတူညီမှုနှစ်ရပ် ရသွားရင် မြန်မာပြည်ကြီး တကယ်ငြိမ်းချမ်းသွားမှာလားဆိုတာကတော့ ပြည်သူအများ ညာဏ်မမီနိုင်တဲ့အချက်ပဲ ဖြစ်ပါလိမ့်မယ်။



တကယ်တမ်း ပင်လုံညီလာခံကြီး တစ်နှစ်မှာတစ်ကြိမ်ကျင်းပဖြစ်တယ်ဆိုရင်တောင် လူထောင်ကျော်တက်တဲ့ ညီလာခံမို့ ဘတ်ဂျက်ဘယ်လောက်ကြီးမယ်ဆိုတာ မှန်းကြည့်ရုံနဲ့ အဖြေထွက်ပါတယ်။ ဒါကြောင့်လည်း တစ်ခါဆို ဆိုသလောက် ထိရောက်တဲ့ရလဒ်ဖြစ်စေ၊ ရလဒ်အတွက် အခြေခံအုတ်မြစ်ဖြစ်စေပေါ်ထွက်လာဖို့ကို မျှော်လင့်ကြပါတယ်။ ဒီတစ်ခေါက်တော့ သဘောတူညီချက်က ၁၄ ချက်ပဲ ထွက်လာတာမို့ အတည်ပြုနိုင်ခဲ့ပြီလို့ ဆိုရပါမယ်။

အဲဒီ ၅၁ ချက်ကို လေ့လာကြည့်တဲ့အခါမှာတော့ အတော့်ကို မျက်စိလည်ပါတယ်။ နိုင်ငံရေးကဏ္ဍမူဝါဒက ၆ ခုဖြစ်ပြီး အချက်ကတော့ ၉ ချက်ဖြစ်ပါတယ်။ ဒုတိယအကြိမ်က သဘောတူခဲ့တဲ့ မူဝါဒက ၅ ခုဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုင်ရာ မူက ၄ ခုဖြစ်ပြီး အချုပ်အခြာအာဏာ၊ အချုပ်အခြာအာဏာကျင့်သုံးမှု၊ တန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)ဆိုတာတွေ ဖြစ်ပါတယ်။ ပထမသုံးခုမှာ အချက်တစ်ချက်စီ ပါပေမယ့် ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှုဆိုတဲ့ အချက်ထဲမှာတော့ အချက်ငယ် ၇ ခု ပါရှိနေပါတယ်။ အဲဒီလိုပဲပါတီစုံဒီမိုကရေစီစနစ်ဆိုတဲ့ မူအောက်မှာလည်း အချက်ငယ် ၂ခုရှိပါတယ်။ အခု တတိယအကြိမ် ညီလာခံမှာတော့ နိုင်ငံရေးကဏ္ဍမူဝါဒအောက်မှာ ကျား/မဆိုင်ရာ တန်းတူညီမျှမှုဆိုတဲ့ မူတစ်ခုကိုပဲ အချက် ၄ ချက်သဘောတူညီခဲ့ကြတာကို တွေ့ရပါတယ်။ ဒီတော့ အများနားလည်ထားကြတဲ့ သဘောတူညီချက်တွေရဲ့ အရေအတွက်တွေဟာ နည်းနည်းတော့ဝေဝါးစရာဖြစ်တာအမှန်ပါ။ တကယ်တော့ ညီလာခံ ၂ ခုမှာ နိုင်ငံရေးမူဝါဒ ၃ ခုဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုင်ရာ ၄ ချက်၊ ပါတီစုံ ဒီမိုကရေစီစနစ်ဆိုင်ရာ ၁ ချက်နဲ့ ကျား/မတန်းတူညီမျှမှု ဆိုင်ရာ၄ ချက်ကို ဆွေးနွေးခဲ့တယ်လို့ နားလည်မိပါတယ်။ နိုင်ငံရေးဆိုင်ရာ သဘောတူညီတဲ့ မူဝါဒအချက်အရေအတွက် ၉ ချက်ပါ။

ဒီ ၉ ချက်စလုံးဟာလည်း တကယ့်ကို အရေးကြီးတဲ့အချက်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။လက်ရှိ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ မပါဝင်သေးတဲ့ မူဝါဒအသစ်တွေ အများကြီးတွေ့ရပြီး အဲဒီထဲမှာ ပါဝင်ပေမယ့် ကွန်းဆက်ပ် (Concept)အရ ဖက်ဒရယ်မဖြစ်ထားတဲ့ အသုံးအနှုန်းတွေကိုပြင်ဆင်ထားတာတွေလည်း တွေ့ရပါတယ်။

ဒါပေမဲ့ ဒုတိယအကြိမ်တုန်းက တန်းတူရေးဆိုတဲ့ သဘောတူညီချက်မှာ တိုင်းရင်းသားလူမျိုးတိုင်းရဲ့ တန်းတူရေးကို ညွှန်းဆိုခဲ့ပြီး တတိယအကြိမ်မှာတော့ ကျား/မတန်းတူညီမျှရေးဆိုတာကို သီးခြားမူဝါဒတစ်ခုအဖြစ် သဘောတူညီချက် ၄ ချက်နဲ့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ UPDJC အနေနဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မဆိုင်ရာ တန်းတူညီမျှမှုဆိုတဲ့ ခေါင်းစဉ်နှစ်ခုကို တတိယအကြိမ် ညီလာခံမှာဆွေးနွေးဖို့လျာထားခဲ့တယ်လို့ သိရပါတယ်။ အဲဒီထဲမှာ တကယ်ဆွေးနွေးဖြစ်တော့ ကျား/မဆိုင်ရာ တန်းတူညီမျှမှု တစ်ခုတည်းဖြစ်ပြီး အဆိုပြုတဲ့အချက်တွေထဲက ၄ ချက်ကိုပဲသဘောတူဖို့ဖြစ်ခဲ့ရကြောင်း၊ ဒါတောင် ကျား/မတန်းတူရေးကွန်းဆက်ပ်ထက် သဘောတူညီချက်ထဲမှာ 'မြန်မာနိုင်ငံတော်'ဆိုတဲ့ အသုံးအနှုန်းထည့်သွင်းပုံ ထည့်သွင်းနည်းအပေါ်မှာ အတော်လေးညှိနှိုင်းယူခဲ့ရကြောင်းတွေကိုလည်း သိရပါတယ်။ (The Voice ဂျာနယ်ပါ ဆရာကျော်ဝင်း၏ ချောတိုင်တက်သူများ ဆောင်းပါးမှ)

ဒီနေရာမှာ သဘောတူညီချက်တွေကို ထုတ်ပြန်ပေးပုံနဲ့ ပတ်သက်ပြီး သေချာလေ့လာကြည့်တဲ့အခါမှာလည်း ကွန်းဆက်ပ်တစ်ခုနဲ့ ပတ်သက်ပြီး တစ်စုတစ်စည်းတည်း မဟုတ်ဘဲ ခေါင်းစဉ်အမျိုးမျိုးအောက်မှာ ကွန်းဆက်ပ်အမျိုးမျိုးကို အဆင်ပြေသလို ထည့်သွင်းထားတာမျိုး တွေ့လိုက်ရပါတယ်။ ဒုတိယအကြိမ်က သဘောတူခဲ့တဲ့ တန်းတူညီရေးမှာ တိုင်းရင်းသားလူမျိုးတိုင်းမှာ နိုင်ငံရေးနဲ့ လူမျိုးရေး တန်းတူခွင့်ရှိတယ်လို့ ဆိုသလို သဘောတူခဲ့တဲ့ တန်းတူရေးမှာ တိုင်းရင်းသားလူမျိုးတိုင်းမှာ နိုင်ငံရေးနဲ့ လူမျိုးရေး တန်းတူခွင့်ရှိတယ်လို့ဆိုသလို ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေကို ကာကွယ်ပိုင်ခွင့်၊ မြှင့်တင်ခွင့် ရှိရမယ်လို့ ဆိုပါတယ်။ တတိယအကြိမ်မှာတော့ ကျား/မတန်းတူညီမျှမှုကို ညွှန်းဆိုကာ ခွဲခြားဆက်ဆံမှု မရှိစေဖို့ အကြမ်းဖက်မှုကို ကာကွယ်ဖို့ မူဝါဒတွေ ချမှတ်ရမယ်လို့ သဘောတူသလို ကဏ္ဍအသီးသီးမှာ ၃၀ ရာခိုင်နှုန်း ပါအောင် အားပေးရမယ်၊ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်ပေးရမယ်လို့လည်းသဘောတူထားပါတယ်။ (ဒီနေရာမှာ စကားကပ်ပြောတယ်လို့ ပြောချင်လည်း ခံရမှာပါပဲ။ သဘောသဘာဝချင်းတူတဲ့ မူဝါဒ ချမှတ်စေရေး ၂ ချက်ကို သီးခြားတစ်စု၊ အားပေးရမယ့် ၂ ချက်ကို သီးခြားတစ်စုရယ်လို့ မဖော်ပြဘဲ အဆင်ပြေသလို နံပါတ်စဉ်ထိုးပြီး ဖော်ပြထားတာကိုလည်း ဝမ်းနည်းစွာတွေ့ရပါတယ်)

အဲဒီလိုပါပဲ။ စီးပွားရေးကဏ္ဍမူဝါဒမှာတော့ ဒုတိယအကြိမ်မှာတုန်းက ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာမူ ၆ ချက်နဲ့ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာမူ ၂ ချက် သဘောတူညီခဲ့ပြီး တတိယအကြိမ်မှာတော့ ခေါင်းစဉ်မတပ်ဘဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒနဲ့ စီမံကိန်းတွေကို ချမှတ်ခွင့်ရှိရမယ်ဆိုတဲ့အပေါ်က မူနှစ်ခုလုံးနဲ့ပတ်သက်တဲ့ မူတစ်ချက်တည်းကိုပဲ သဘောတူခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီသဘောတူညီချက်ဟာ ဘယ်မူဝါဒအမျိုးအစားထဲမှာ အကျုံးဝင်တယ်ဆိုတာကို သဲသဲကွဲကွဲ အသိမပေးထားပြန်ပါဘူး။ တကယ်တော့ ဒီလို မူဝါဒအမျိုးအစားထဲမှာ အကျုံးဝင်တယ်ဆိုတာကို သဲသဲကွဲကွဲ အသိမပေးထားပြန်ပါဘူး။ တကယ်တော့ ဒီလိုမူဝါဒနဲ့ စီမံကိန်းတွေကို ဒေသန္တရအစိုးရတွေက ချမှတ်ခွင့်ရှိရမယ်ဆိုတာ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုနဲ့ အာဏာခွဲဝေမှုဆိုတဲ့ နိုင်ငံရေးကဏ္ဍထဲက ဒေသဆိုင်ရာ အစိုးရများရဲ့ လုပ်ပိုင်ခွင့်အာဏာဆိုင်ရာ အချက်သာဖြစ်နေတာကိုလည်း တွေ့ရမှာပါ။

လူမှုရေးကဏ္ဍ မူဝါဒမှာလည်း ဒုတိယအကြိမ်တုန်းက ၄ ချက်၊ တတိယအကြိမ်မှာ ၇ ချက် သဘောတူညီခဲ့ကြပြီး မသန်စွမ်း၊ မူးယစ်ဆေးဝါးဆိုတဲ့အကြောင်းအရာတွေနဲ့ပတ်သက်တဲ့ အချက်တွေက နှစ်ကြိမ်လုံးမှာပါဝင်ပေမယ့် ကွန်းဆက်ပ်တွေ မတူတာကို တွေ့ရပါတယ်။

မြေယာနဲ့သဘာဝပတ်ဝန်းကျင်ကဏ္ဍမှာတော့ ဒုတိယအကြိမ်မှာ ၁၀ ချက်၊ တတိယအကြိမ်မှာ ၂ချက်၊အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ ၁ ချက်နဲ့ အထွေထွေ ၆ ချက်ဖြစ်ကာ တတိယအကြိမ်မှာတော့ အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ ၂ ချက်တို့ကို သဘောတူခဲ့တာ ဖြစ်ပါတယ်။

ဒီသဘောတူညီချက်တွေထဲမှာလည်း ကျား/မတန်းတူမှု ရှိရမယ်ဆိုတာတွေကို ထည့်သွင်းထားခဲ့တာ တွေ့ရပါတယ်။ ကျား/မ တန်းတူမှုအတွက် နိုင်ငံရေးမူအဖြစ်လက်ခံပြီးရင် ကျန်တဲ့ကဏ္ဍတွေမှာ သီးခြားထပ်ပြီး ညွှန်းဆိုဖို့ လို မလိုကလည်း မေးခွန်းထုတ်စရာပါ။ ခု သဘောတူညီချက်တွေမှာတော့ ဒုတိယအကြိမ်ညီလာခံမှာ မြေယာသယံဇာတကဏ္ဍအတွင်း ကျား/မတန်းတူမှုကို ထည့်သွင်းဆွေးနွေးခဲ့ပြီး တကယ့်နိုင်ငံရေးမူအဖြစ် ကျား/မတန်းတူမှုကို အသေးစိတ်ဆွေးနွေးခဲ့တာက ခု တတိယအကြိမ်ကျမှ ဖြစ်နေပါတယ်။ တကယ်တော့ ခုလို ကွန်းဆက်ပ်တစ်ခုကို အလီလီအလာလာ ဆွေးနွေးနေရရင် ညီလာခံစရိတ်ထောင်းတာနဲ့ အချိန်ကုန်တာပဲ အဖတ်တင်မယ်ထင်ပါတယ်။

တကယ်တမ်းမှာ ညီလာခံကျင်းပတဲ့ အခင်းအကျင်းကို မသိတဲ့အတွက် မူဝါဒဆိုင်ရာတွေနဲ့ပတ်သက်ပြီး ဘယ်အကြိမ်ညီလာခံမှာ ဘယ်မူဝါဒတွေကို ဦးစားပေးဆွေးနွေးမယ်၊ ကဏ္ဍအလိုက် မူဝါဒခေါင်း ဘယ်နှခုစီလောက် ဆွေးနွေးမယ်ဆိုတဲ့ အာဂျန်ဒါတိတိကျကျ ရှိမရှိလည်း မသိပါဘူး။ ဆွေးနွေးသွားရင်းနဲ့မှ ဆွေးနွေးသင့်တဲ့ မူဝါဒအမျိုးအမည်နဲ့ အရေအတွက်တွေ ပေါ်ထွက်လာပြီး နောက်ဆုံးမှာမှ အဲဒီထွက်လာတဲ့ မူဝါဒတွေ ပေါ်ထွက်လာပြီး နောက်ဆုံးမှာမှ အဲဒီထွက်လာတဲ့ မူဝါဒတွေအပေါ် သဘောတူညီချက်တွေကို လက်တွေ့ငြိမ်းချမ်းရေးအခင်းအကျင်းဆီ ဆက်လက်သယ်ဆောင်သွားမယ်လို့ ခန့်မှန်းကြည့်မိရပါတယ်။ UPDJC အနေနဲ့ သတ်မှတ်ထားတဲ့ ဆွေးနွေးရမယ့် ခေါင်းစဉ်တွေ အများကြီးရှိနေပြီး လူမျိုးအလိုက်နဲ့ဒေသအလိုက်နိုင်ငံရေးဆွေး

နွေးပွဲတွေ (ကရင်၊ ပအိုဝ်၊ မွန်း၊ ချင်း၊ တောင်ကြီး၊ တနင်္သာရီ၊ ပဲခူး)ကနေ တက်လာတဲ့ စာတမ်းတွေမှာလည်း ဆွေးနွေးသင့်တဲ့အချက်တွေ အများကြီးပေါ်ထွက်ထားတယ်လို့လည်း သိရပါတယ်။

ခက်တာက UPDJC ကိုယ်တိုင်ညီလာခံမှာ ချဆွေးနွေးတဲ့အခါ သဘောတူညီမှုရလေက်မယ့်အချက်တွေကိုပဲ ရွေးထုတ်ပြင်ဆင်ခဲ့ရတာ ဖြစ်နေပါတယ်။ တစ်နည်းပြောရရင် သဘောတူညီမှုခက်ခဲမယ့်၊ မရနိုင်မယ့်အချက်တွေကို နောက်ညီလာခံများမှာမှ ဆွေးနွေးကြတာပေါ့၊ အခု တတိယအကြိမ်မှာတော့ သဘောတူနိုင်လောက်မယ့် အချက်တွေကိုပဲ ဆွေးနွေးဆုံးဖြတ်ကြတာပေါ့လို့ တင်းတိမ်လိုက်ရပုံရပါတယ်။

ဘယ်လိုပဲ အဲဒီလိုဖြစ်ပါစေဦး၊ နိုင်ငံတော်အဆင့် အတိုင်းအတာနဲ့ သမိုင်းဝင်ဖြစ်မယ့် ငြိမ်းချမ်းရေးညီလာခံကြီးမှာ ဆွေးနွေးဆုံးဖြတ်သဘောတူကြတာမို့ ခိုင်မာတိကျပြတ်သားတဲ့ အနှစ်သာရတွေ မူဝါဒတွေကို အခြေခံပြီး စနစ်တကျ သဘောတူညီချက်များ ထွက်ပေါ်လာတာမျိုး ဖြစ်စေချင်တယ်။ ဒါကိုလည်း ညီလာခံတက်တဲ့သူတွေသာမက တစ်နိုင်ငံလုံးက လှည်းနေလှေအောင်း မြင်းစောင်းမကျန်မှာရှိတဲ့ အများပြည်သူတွေ လွယ်လွယ်ကူကူ နားလည်သဘောပေါက်အောင် ပြောပြအသိပေးသွားဖို့ လိုအပ်ပါတယ်။ အခြေခံ အသိပညာ၊ လူမျိုး၊ ဘာသာ၊ နေရာဒေသ စတဲ့ မတူကွဲပြားလှတဲ့ အများပြည်သူက ညီလာခံကြီးမှာ သဘောတူလိုက်တဲ့ အကြောင်းအရာတွေမူဝါဒတွေကို ရှင်းရှင်းလင်းလင်း သဘောမပေါက်နေကြဘူးဆိုရင် ညီလာခံကို ထောက်ခံပေးပါလို့ ပြောဖို့ သိပ်ခက်ခဲမှာ ဖြစ်ပါတယ်။ (မခက်ပါဘူး၊ သူတို့က ထောက်ခံပေးရင် ပြီးရော ဘာတွေသဘောတူထားတယ်ဆိုတာမျိုး နားလည်စရာ၊ သိစရာမလိုဘူးလို့ သဘောထားရင်တော့ တစ်မျိုးပေါ့)

ဒါကြောင့် အများလည်း နားလည်လွယ်အောင်၊ နောင်တစ်ချိန် ပဋိညာဉ်အတည်ဖြစ်တဲ့အခါမှာလည်း စနစ်တကျ ပြုစုထားရှိပြီးဖြစ်အောင်၊ အရေးကြီးတဲ့ ဆွေးနွေးစရာတွေလည်း ကျန်ခဲ့တာမျိုး မဖြစ်ရအောင် ခုလို ညီလာခံကြီးတွေမှာ အာဂျန်ဒါရေးဆွဲတဲ့အခါနဲ့ သဘောတူညီချက်တွေကို ထုတ်ပြန်ဖို့ ပြင်ဆင်တဲ့အခါတွေမှာ မူတစ်ခု အခိုင်အမာထားပြီး ဆောင်ရွက်စေလိုပါတယ်။ တန်းတူရေး ကွန်းဆက်ပ်တစ်ခုတည်းမှာကို တစ်ကြိမ်မှာ တစ်မျိုး ဆွေးနွေးပြီး သဘောတူညီချက်မှာလည်း ချမှတ်ရမယ့်မူဝါဒနဲ့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်ကိုလည်း သီးခြားစီစုစည်းခွဲခြားပြီးမှ ထုတ်ပြန်ပြဋ္ဌာန်းမယ်ဆိုရင် ပိုအဆင်ပြေမယ်လို့ ပြောချင်ပါတယ်။ ဒါမှလည်း အနှစ်သာရတစ်ခုချင်းစီအတွက် ထားရှိရမယ့် ကွန်းဆက်ပ်ဆိုင်ရာ မူဝါဒပိုင်းရော၊ လုပ်ငန်းစဉ်အပိုင်းကိုပါ အများပြည်သူက လွယ်လွယ်ကူကူ သဘောပေါက်မှာ ဖြစ်ပါတယ်။

၂၀၂၀ မတိုင်ခင်မှာ နောက်ထပ် ညီလာခံသုံးခုလောက် လုပ်ဦးမှာဆိုတော့ သဘောတူညီချက်က နောက်ထပ် ၅၀ လောက် ထပ်ပေါ်ထွက်လာနိုင်တယ်လို့ ယူဆပါတယ်။ အဲဒါဆို အခုသက်တမ်း ၅ နှစ်မှာ သဘောတူညီချက် ၁၀၀ လောက် အကြမ်းဖျဉ်းရမယ်ဆိုရင် ဖက်ဒရယ်ဆိုင်ရာမူဝါဒက ဘယ်နှချက်၊ ဖက်ဒရယ်လုပ်ငန်းစဉ်က ဘယ်နှချက်၊ ပါတီစုံစနစ်ဆိုင်ရာ မူဝါဒက ဘယ်နှချက်၊ပါတီစုံ လုပ်ငန်းစဉ်က ဘယ်နှချက်၊ ဒီမိုကရေစီစံချိန်စံညွှန်းဆိုင်ရာမူဝါဒက ဘယ်နှချက်၊ ဒီမိုကရေစီလုပ်ငန်းစဉ်ဆိုင်ရာက ဘယ်နှချက်၊ စီးပွားရေးဆိုင်ရာမှာလည်း ဖက်ဒရယ်စီးပွားရေး၊ ဈေးကွက်စီးပွားရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်တွေကဘယ်နှချက်စီ။ အဲဒီလိုအများလူထုကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားအောင် စုစည်းရှင်းလင်း ဖော်ထုတ်ချပြသင့်ပါတယ်။

အခုထိ ရပြီးတဲ့ သဘောတူညီချက်တွေကိုလည်း ခုနကလို အခြေခံကွန်းဆက်ပ်အလိုက် မူဝါဒဆိုင်ရာနဲ့ လုပ်ငန်းစဉ်ဆိုင်ရာကို သီးခြားစီစုဖွဲ့ပြီးပြန်လည်စုစည်းလိုက်မယ်ဆိုရင် နောင်လုပ်မယ့် ညီလာခံတွေမှာ ဘယ်အနှစ်သာရဆိုင်ရာ ဘယ်မူဝါဒ၊ ဘယ်လုပ်ငန်းစဉ်တွေကို ဦးစားပေးဆွေးနွေးမယ်ဆိုတာမျိုး ပိုပြီးထင်ရှားလာနိုင်မှာ ဖြစ်ပါတယ်။ အဲဒီရလဒ်တွေအတိုင်းလည်း ဦးစားပေးသင့်တာကို ဦးစားပေးပြီးပဲ ဆွေးနွေးကြစေချင်ပါတယ်။ သဘောတူနိုင်မယ့်အချက်တွေကို ဦးစားပေးဆွေးနွေးနေရင် ရှေ့မှာပြောခဲ့သလို ငွေတွေ အချိန်တွေကို ဖြုန်းတီးရာရောက်ပြီး လိုရင်းကိုလည်းရောက်မှာ မဟုတ်ပါဘူး။

တကယ်တော့ နှစ်ပေါင်းများစွာ ပျက်ပြားခဲ့ရတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အချိန်တိုတိုအတွင်း အရပြန်ယူဖို့ဆိုတာ မလွယ်ပါဘူး။ တတိယအကြိမ်ပင်လုံညီလာခံ ကျင်းပနေခဲ့စဉ်အတွင်းမှာပဲ ကချင်နဲ့ရှမ်းဒေသတွေမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေနဲ့ သတ်ဖြတ်မှုတွေကိုကြည့်ရင် သိနိုင်ပါတယ်။ တကယ်တော့ အခုဆွေးနွေးသဘောတူနေရတာတွေက ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အတွက် လိုအပ်တဲ့ အချက်အလက်တွေကို ပြုစုနေရတာမျိုးပဲ ဖြစ်ပါတယ်။ တကယ် လက်တွေ့ဘဝမှာ အပစ်အခတ်တွေရပ်ပြီးစစ်မှန်တဲ့ ငြိမ်းချမ်းရေးရဖို့အတွက် မူဝါဒတွေ လုပ်ငန်းစဉ်တွေအားလုံး လိုအပ်ပါတယ်။ ဒါပေမဲ့ အလိုအပ်ဆုံးကတော့ အမှတ်လက္ခဏာ (identity)ကို အစွဲပြုပြီး ငြင်းခုန်နေမှုကို အဖြေရှာဖို့ ဖြစ်ပါတယ်။

တတိယအကြိမ် ညီလာခံမှာ ကျား/မတန်းတူညီမျှမှုအတွက် သဘောတူညီချက်စာသားမှာ အတော်ကြီး ငြင်းခဲ့ကြရတာကိုကြည့်မယ်ဆိုရင် ဒီအမှတ်လက္ခဏာ (identity)ပြဿနာဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိနိုင်ပါမယ်။ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု"ဆိုတဲ့ အဆိုကို တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတွေက အဆင်ပြေလက်ခံတယ်လို့ ဆိုပါတယ်။ သူတို့က နိုင်ငံရဲ့နာမည်ကို လူမျိုးစုတစ်စုရဲ့ အမည်အစား တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုမယ့် အမည်သစ်မျိုးကို ပေးချင်ပုံရတယ်လို့ ဆရာကျော်ဝင်းရဲ့ ဆောင်းပါးမှာ ဆိုပါတယ်။ ဒါပေမဲ့ ညီလာခံကို တက်ရောက်တဲ့ အစုအဖွဲ့တစ်ခုက "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်" လို့ ဖြည့်ချင်တဲ့အတွက် ပြဿနာဖြစ်ခဲ့ရပါတယ်။ ("ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသောပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏. . . "ဆိုတဲ့စာသားနဲ့ ပြဿနာကို ဖြေရှင်းခဲ့ကြတာ ဖြစ်ပါတယ်) တကယ်တော့ ဒါဟာစကားလုံးပြဿနာမဟုတ်ဘဲ နိုင်ငံရေးပြဿနာတစ်နည်းအားဖြင့် အမှတ်လက္ခဏာ (identity)ပြဿနာ ဖြစ်ပါတယ်။

သဘောတူညီပြီးသွားတဲ့ အချက်တွေကို ပြန်ကြည့်ရင် တောင်တိုင်းရင်းသားလူမျိုးဆိုတာကို ဘယ်လိုအနက်ဖွင့်မလဲဆိုတာ သေချာဆွေးနွေးရမလိုဖြစ်နေပါတယ်။ တစ်ခါဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှုဆိုတဲ့ သဘောတူညီချက်မှာတောင် တိုင်းဒေသကြီး/ပြည်နယ်တွေ အခွင့်အရေးတန်းတူ ရှိရမယ်လို့ သဘောတူပေမယ့် အမည်နာမ သတ်မှတ်ချက်နဲ့ပတ်သက်ပြီး နောင်မှ ဆက်လက်ဆွေးနွေးမယ်လို့ မှတ်ချက်ပြုခဲ့တာကိုတွေ့ရပါတယ်။ ဒါဟာ အမှတ်လက္ခဏာ (identity)ပြဿနာ ဘယ်လောက်ထိကြီးထွားနေတာကို ပြတာပါ။ တကယ်တော့ ညီလာခံကြီးကို ငွေကုန်ကြေးကျ အများကြီးခံပြီး တိုင်းရင်းသားလူမျိုးစု ပေါင်းစုံပါအောင် ကျင်းပတာဖြစ်တဲ့အတွက် လူစုံတုန်းမှာ ဒီပြဿနာရဲ့ အဖြေကိုရှာတဲ့ ဆွေးနွေးမှုတစ်ခုကို မဖြစ်မနေ လုပ်သင့်တယ်လို့ မြင်ပါတယ်။ နိုင်ငံတစ်ခု တည်ဆောက်ရေးရဲ့ အရေးကြီးတဲ့ အနှစ်သာရ ကွန်းဆက်ပ်တစ်ခုဖြစ်တဲ့ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး၊ လူမျိုးစုဆိုင်ရာ မူဝါဒသတ်မှတ်ချက်ကိုနိုင်ငံတော်အဆင့် ကျေကျေလည်လည် ဆွေးနွေးကြပြီး နောက်ထပ်တခြားမူဝါဒတွေ မဆွေးနွေးကြခင်မှာ အများပြည်သူကို ဒီကိစ္စတွေနဲ့ ပတ်သက်လို့ အားလုံးရဲ့သဘောတူဖွင့်ဆို အသိအမှတ်ပြုချက်ကို ရှင်းရှင်းလင်းလင်း ထုတ်ပြောလိုက်ရင် တော်တန်ရုံ ငြင်းခုန်မှုတွေ အဆုံးသတ်သွားနိုင်ပါတယ်။

ဒါကြောင့် နောင်ညီလာခံတွေမှာ သဘောတူညီချက်ကို လွယ်လွယ်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်ကို ဦးစားမပေးဘဲ နိုင်ငံရေးပြဿနာ အဖြေထွက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွေးနွေးရမယ့် အာဂျန်ဒါတွေကို ပြင်ဆင်စေချင်ပါတယ်။ ရလာတဲ့ သဘောတူညီချက် ရလဒ်တွေကိုလည်း အသစ်ရလာတဲ့ သဘောတူညီချက်ကို သီးခြားထုတ်ပြန်သလို ရပြီးသား သဘောတူညီချက်အားလုံးကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ခွဲခြား/စုစည်းပြုစုပြီးမှ ထုတ်ပြန်ပေးစေချင်ပါတယ်။ ဒါမှလည်း ညီလာခံတက်ရောက်လာသူများနဲ့သာ သက်ဆိုင်တာမျိုး မဟုတ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူတိုင်းနဲ့သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးညီလာခံကြီး ဖြစ်လာနိုင်မယ်လို့ ယုံကြည်မိပါကြောင်း။ ။

**မသီတာ(စမ်းချောင်း)**

# မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ်လာရောက် ပို့ချသော ငါးဆေးထိုး၊ သားဖောက်၊ မွေးမြူနည်းသင်တန်း

ဩဂုတ် ၈

မြစ်ကြီးနားမြို့တွင် ပြည်နယ်ငါးဦးစီးဌာနမှ အခြေခံငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူရေးသင်တန်းကို မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ ပြည်သူများကို သင်ကြားပေးခဲ့သည်။



အဆိုပါသင်တန်းကို ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ရာ သင်တန်းသူ/သား အယောက် ၃၀ ကို စာတွေ့၊ လက်တွေ့အနေဖြင့် ငါးဆေးထိုးသားဖောက်သည့် နည်းပညာနှင့် ငါးမွေးမြူနည်းများကို ဖြန့်ဝေပေးခြင်းနှင့် ယင်းလုပ်ငန်းကို ပိုမိုစိတ်ဝင်စားလာပြီး ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် သင်ကြားပေးခဲ့ကြောင်း သိရသည်။

"သဘာဝရေပြင်မှာ ငါးရှားပါးလာကြတဲ့အခါ တစ်ဖက်တစ်လမ်းကနေပြီးတော့ မွေးမြူရေးကနေပြန်လည် ဖြည့်တင်းဖို့အတွက်၊ စားနပ်ရိက္ခာအတွက် ငါးမွေးမြူရေးကို စိတ်ပါဝင်စားလာပြီးလူတွေထဲ ထဲဝင်ဝင်လုပ်နိုင်အောင် စည်းရုံးရင်းနဲ့ သင်တန်းပေးရင်းနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု မြစ်ကြီးနားခရိုင် ငါးမွေးမြူရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ရွှယ်တောင်က ပြောသည်။

သင်တန်းကာလအတွင်း ငါးမွေးမြူရေးဆိုင်ရာ သိကောင်းစရာများ၊ တရုတ်လှေလာရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းတင်ပြခြင်း၊ ငါးသားဖောက်ရန် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ မျိုးငါး ရွေးချယ်ခြင်းနှင့်ဟိုမုန်းဆေးတွက်ချက်ခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ PH နှင့် Temperature တိုင်းတာခြင်း၊ ငါးမှုန်/ငါးသန် အစာကျွေးစနစ် သင်ကြားပေးခြင်း၊ ရေအရည်အသွေးဘာသာရပ် သင်ကြားပေးခြင်းနှင့် အခြေခံငါးမွေးမြူရေးဘာသာရပ်သင်ကြားပေးခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို တက်ရောက်လိုသူများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးနှင့် ရပ်ကျေးအဆင့်၌ တစ်လအလိုတွင် အကြောင်းကြားပြီး သင်တန်းသား၊ သင်တန်းသူများကို ခေါ်ယူကြောင်း သိရသည်။

"စိတ်ပါဝင်စားတဲ့သူ ဘယ်သူမဆိုလာတက်လို့ရပါတယ်။ မိန်းကလေး၊ ယောကျ်ားလေးဆိုပြီး ခွဲခြားထားတာမရှိပါဘူး။ သင်တန်းတက်သူများကိုဘောပင်နဲ့ ဗလာစာအုပ် ထောက်ပံ့ပေးတယ်။ နေ့လည်စာကိုလည်းကျွေးပါတယ်"ဟု ဒေါ်ရွှယ်တောင်က ပြောသည်။

ကချင်ပြည်နယ်အတွင်းတွင် ပထမအကြိမ် ငါးမွေးမြူရေးသင်တန်းကို ဗန်းမော်မြို့တွင်ပြုလုပ်ခဲ့ပြီး ယခုသင်တန်းသည် ဒုတိယအကြိမ်သင်တန်းဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ကုန်ကားကြီး ၂၀ ကျော်ဖြင့် တင်သွင်းလာသော တရားမဝင်ကုန်ပစ္စည်းများကို ဝန်ကြီးကိုယ်တိုင် ဖမ်းဆီးခဲ့

မြစ်ကြီးနား၊ ဩဂုတ် ၉

တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာများကို တရားမဝင်သယ်ဆောင်လာသည်ဟုဆိုကာ တရုတ်နံပါတ်ပြား တပ်ဆင်ထားသော ကုန်ကားကြီး ၂၈ စီးကို ဆဒုံးရေတံခွန်ဂိတ်တွင် စီမံ/ဘဏ္ဍာဝန်ကြီးနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုကား ၂၈ စီးအနက်မှ ယာဉ်မောင်း ရှစ်ဦးကိုသာ ဖမ်းဆီးရမိခဲ့ပြီး ကျန်ယာဉ်မောင်းများမှာ ကားများကို ပစ်ထားခဲ့ပြီး ထွက်ပြေးသွားကြကြောင်း သိရသည်။

တရုတ်နိုင်ငံသားများထဲမှ ပတ်(စ်)ပို့မပါသူနှစ်ဦးကို ဝိုင်းမော်မြို့နယ် လဝကဦးစီးမှူး ဦးကျော်စွာမိုးက တရားလိုပြုပြီး လဝကဥပဒေဖြင့် အမှုဖွင့်လိုက်ကြောင်း သိရသည်။

တရုတ်အမျိုးသား ဝမ်ရှင်းချွမ်၊ ခမ်းကျူုဟုန်းတို့နှစ်ဦးသည် တရားဝင်ခွင့်ပြုချက် မရှိဘဲဝင်ရောက်လာသဖြင့် လဝကအက်၁၃(၁)ဖြင့် ဆဒုံးနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားခြင်း ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိခြင်းမရှိသေးသည့် ကားသမားများကိုလည်းဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ်လ ၂ ရက်က တရုတ်နိုင်ငံ ကန်ပိုက်တီဘက်မှ ဝိုင်းမော်မြို့ဘက်သို့ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများ သယ်ဆောင်လာသည့် ၂၂ ဘီးယာဉ် ငါးစီး၊ ၁၂ ဘီးယာဉ် ၂၃ စီးနှင့်အတူ တရုတ်နိုင်ငံသား ရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း ဦးစီးအဖွဲ့မှ ဝိုင်းမော်-ဆဒုံး- ကန်ပိုက်တီ ကားလမ်းပေါ် မိုင်တိုင် ၄၈/၄၉ ကြားစောင့်ဆိုင်းဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သည့် တရုတ်ကုန်တင်ကားများအနက်မှ ၂၂ ဘီးတွဲကား ၅ စီး ဝိုင်းမော်မြို့နယ် မြစ်ဆိပ်ကမ်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ကျန် ၁၂ ဘီးကား ၂၃ စီးကို မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်ရှိ မိုးလုံလေလုံအားကစားကွင်းတွင် စစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းကားကြီးများထဲတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများပါရှိသည့်အပြင် ငှက်ပျောဖီးထုပ်ပိုးရာတွင် အသုံးပြုသော ဂျပ်ဖာအလွတ်ဖော့ပလပ်စတစ်များပါရှိကြောင်း သိရသည်။

ထို ၁၂ ဘီးကားကြီးတစ်စီးတွင် ၄၀ ကီလိုဂရမ်ပါသည့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၁၀၀၀ ကျော်ပါဝင်ပြီး တန်ဖိုးမှာ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀မှ၄၀၀၀၀ခန့် တန်သည်ဟု NLD ပြန်ကြားရေး ဦးဉာဏ်ထွန်းကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိ ဖမ်းဆီးရမိထားသည့် ကား ၂၈ စီးအပြင် ထပ်မံ၍ကား ၃ စီးကို ဖမ်းဆီးရမိထားသဖြင့် စုစုပေါင်းကားအစီးရေ ၃၁ စီးရှိပြီဖြစ်ကြောင်းလည်း သိရသည်။

ဝိုင်းမော်မြို့နယ်၌ တရုတ်တစ်သျှူးငှက်ပျော်စိုက် ခန့်မှန်း ဇက ၅၀၀၀၀ ကျော်ရှိသည်ဟု ဦးဉာဏ်ထွန်းက ပြောကြားခဲ့သည်။

မွန်းမွန်းပန်၊ Ah Je









# လော်ဝေါ်မျိုးနွယ်စုတို့၏ ရိုးရာဓလေ့ထုံးတမ်းများအကြောင်း ပထမဆုံးအကြိမ် မှတ်တမ်းရိုက်ကူး

မြစ်ကြီးနား၊ ဩဂုတ် ၉

ပထမဆုံးအကြိမ်အဖြစ် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှု(ဗဟို)မှ လော်ဝေါ်လူမျိုးစုတို့၏ ခေတ်အဆက်ဆက်ဆင်းသက်လာသည့် ရိုးရာဓလေ့ထုံးတမ်းနှင့် ဆိုင်သော မှတ်တမ်းဗီဒီယို ရိုက်ကူးခဲ့ကြောင်း သိရသည်။




"လော်ဝေါ်တိုင်းရင်းသားများ၏ ဆင်းသက်နေထိုင်လာသော ရိုးရာဓလေ့ထုံးတမ်း အပိုင်း(၁) - အမည်ရှိသော မှတ်တမ်းဗီဒီယိုကို လော်ဝေါ်တိုင်းရင်းသား ဒါရိုက်တာ Zခမ်းစိန်က ရိုက်ကူးနေခြင်းဖြစ်ပြီး ထိုမှတ်တမ်းဗီဒီယိုမှာ လော်ဝေါ်အနုပညာကော်မတီ၏ မူပိုင်လည်း ဖြစ်သည်။

ထိုမှတ်တမ်းဗီဒီယိုတွင် ခေတ်ဟောင်းမှလော်ဝေါ်တိုင်းရင်းသားမျိုးနွယ်စုတို့၏ ဝတ်စားဆင်ယင်ကြပုံများ၊ နတ်ကိုးကွယ်ယုံကြည်မှုတို့အား တကယ့်အစစ်အမှန်အတိုင်း ထည့်သွင်းရိုက်ကူးထားခြင်း ဖြစ်ကြောင်း ဒါရိုက်တာ Z ခမ်းစိန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လနတ်မင်းခေါ်တဲ့အခန်းတွေ၊ ချက်ပြုတ်စားသောက်တဲ့အခန်းတွေဆိုရင် Setting တွေကို သပ်သပ်ပြန်ဆင်ရတယ်။ တကယ်ရိုက်တဲ့အခါ၊ တကယ်လုပ်တဲ့အခါမှာလည်း ပစ္စည်းပစ္စယတွေကို အရင်ရှာရတဲ့အပိုင်းလေးတွေ ရှိတယ်။ နောက်ပြီးတော့ လနတ်မင်းခေါ်တဲ့အပိုင်းတွေဆိုရင် တကယ်ခေါ်တတ်တဲ့အဘိုးကြီးတွေကိုခေါ်ပြီးမှ တကယ်အစစ်အမှန်အတိုင်း လုပ်ထားတယ်"ဟု Zခမ်းစိန်က ပြောသည်။

အဆိုပါမှတ်တမ်းဗီဒီယိုသည် လော်ဝေါ်တိုင်းရင်းသားမျိုးနွယ်စုများနှင့် သက်ဆိုင်သည့်အတွက် သေချာပြင်ဆင်ပြီး ရိုက်ကူးရသောကြောင့် ယခင်ဇာတ်ကားရိုက်ကူးမှုထက် ပင်ပန်းရသည်ဟုလည်း ဒါရိုက်တာက ပြောသည်။

"ခါတိုင်း ဇာတ်ကားတွေရိုက်တယ်ဆိုတာက ဒီအတိုင်းလေးပဲ၊ ဇာတ်ညွှန်းရေးပြီးမှ ရိုက်လိုက်တာပဲ။ အခုကျတော့ တကယ့် ရိုးရာထုံးတမ်းဓလေ့တွေ၊ဟိုးဘိုးဘေးတွေကတည်းကဆင်းသက်လာတဲ့ ထုံးတမ်းဓလေ့တွေကို ပြန်လိုက်ရတယ်။ ဥပမာ တောင်ယာလုပ်တယ်ဆိုရင်လဲ ဘယ်သူက ဘာ ဘာ ဘာဆိုပြီး သေချာလေး ပြင်ဆင်ပြီးရိုက်ရတော့ နှစ်ဆလောက်ပင်ပန်းတယ်" ဟု Z ခမ်းစိန်က ဆက်ပြောသည်။

ထို လော်ဝေါ်တိုင်းရင်းသားများ၏ ဆင်းသက်နေထိုင်လာသော ရိုးရာဓလေ့ထုံးတမ်းများအပိုင်း(၁) မှတ်တမ်းဗီဒီယိုကို လော်ဝေါ်စကားမတတ်သည့် လော်ဝေါ်တိုင်းရင်းသားများ ရိုးရာဓလေ့ထုံးတမ်းများကို မမေ့အောင် လုပ်ဆောင်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ကာ ရိုက်ကူးထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။

"နောက်မျိုးဆက်သစ်တွေကို လော်ဝေါ်ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေနဲ့ ပတ်သက်တဲ့ဟာ သိစေချင်တယ်"ဟု လော်ဝေါ်အနုပညာကော်မတီမှ ဥက္ကဋ္ဌ ဦးနော်လီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါမှတ်တမ်းဗီဒီယိုကို တောင်ပေါ်ဒေသဖြစ်သော မေခမြစ်ဝှမ်းတစ်လျှောက် ရိုက်ကူးထားပြီး၊ အချိန်ကာလအားဖြင့် နှစ်လခန့်ကြာအောင် ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထိုမှတ်တမ်းဗီဒီယိုကို ဘာသာစကားအားဖြင့် မြန်မာ၊ လော်ဝေါ်နှင့် အင်္ဂလိပ်စာတန်းထိုးကာ ၃၅ မိနစ်ခန့်ကြာမြင့်မှာဖြစ်ပြီး၊ သိန်း၆၀ ခန့်ကုန်ကျခဲ့ကြောင်း လော်ဝေါ်အနုပညာကော်မတီမှ သိရသည်။

ဆိုင်း(ကချင်မြေ)၊
Benadeth

# Miss ပြိုင်ပွဲဝင်များကို ဆန်းသစ်တဲ့ဝတ်စုံတွေ ဖန်တီးပေးတဲ့ ဒီဇိုင်နာနှင့် တွေ့ဆုံခြင်း



Miss JLH Myitkyina 2018 ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်များနှင့် ဒိုင်များကို အလှဆင်ပေးခဲ့တဲ့ ဒီဇိုင်နာအားဖုန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ သူက ဒီပြိုင်ပွဲရဲ့ အထူးအရေးပါသူ တစ်ဦးဆိုရင်လည်းမမှားပါဘူး။

နိုင်ငံကျော်အနုပညာရှင် Miss Heritage International 2014 Winner ဆုရှင် မုဒြာရဲ့ ခေါင်းသံရုပ်ရှင်ဇာတ်ကားမှ မင်းသမီးချော လှယဉ်ကျေး၊ Miss Myanmar World 2015 1st Runner Up မော်ရိန်းလုဆန်၊ Miss UNITED CONTINETS MYANMAR 2017/ Miss F.M.F Myanmar 2017 ဆုရှင် Wမေရှင်းစိန်တို့ကို အလှပဆုံးဖြစ်အောင် ဆန်းသစ်လှပတဲ့ ဝတ်စုံများဖြင့် အလှဖန်တီးပေးခဲ့သူ၊ နောက်ပြီး ပြိုင်ပွဲအခမ်းအနားတစ်ခုလုံးကို လှပနေအောင် ဖန်တီးသူလည်း ဖြစ်ပါတယ်။

ဒီဇိုင်နာအားဖုန်သည် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက် တောင်ပိုင်းတွင် နေထိုင်၍ ဒီဇိုင်နာလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်ပါတယ်။

**ပထမဆုံး အကို့ရဲ့နာမည်အပြည့်အစုံလေး မိတ်ဆက်ပေးပါဦး။**

ဟုတ်ကဲ့။ ကျွန်တော့်နာမည်အပြည့်အစုံကတော့ ဖုန်ဆာရ်းပါ။ ဒါပေမယ့် ကျွန်တော့်ကို ခင်တဲ့သူတွေ၊ သူငယ်ချင်းတွေက အားဖုန်လို့ပဲ ခေါ်တာပါ။ နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ဒီအားဖုန်ဆိုတဲ့ နာမည်နဲ့ပဲ အလုပ်လုပ်နေပါတယ်။ အဖေက သင်းထောက်ဆရာ ဦးနန်ရာဂျိုးဇက်ဖြစ်ပြီး အမေ့နာမည်ကတော့ ဒေါ်အားဒူပါ။ မွေးချင်းမောင်နှမ ၆ ယောက်မှာ အကြီးဆုံးသားပါ။ သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းကို အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှာ တက်ရောက် အောင်မြင်ထားပါတယ်။

**ဒီ ဒီဇိုင်နာအလုပ်ကို လုပ်တာဘယ်လောက်ကြာပြီလဲ အစ်ကို။**

လုပ်လာတာကတော့ ဆယ်နှစ်ဝန်းကျင်လောက် ရှိလာပါပြီ။ ဒါပေမယ့် နှစ်နှစ်၊ သုံးနှစ်လောက်ပဲ ရှိသေးတယ် ဒီဒီဇိုင်နာအလုပ်ကို ကောင်းကောင်းအချိန်ပေးပြီး လုပ်လာနိုင်တာ။

**ဟုတ်အကို၊ ဒီဇိုင်းနဲ့ ပတ်သက်ပြီး ဘယ်လိုသင်တန်းမျိုးတွေ တက်ဖြစ်သေးလဲ။**

ဟုတ်။ ကျွန်တော်ကတော့ ဒီဇိုင်နာအလုပ်နဲ့ ပတ်သက်ပြီး ရက်တိုစက်ချုပ်သင်တန်းတွေတော့ တက်ခဲ့ဖူးပါတယ်။ တခြားတော့ တက်တာမရှိဘူး။

**ဒီဇိုင်နာအလုပ်နဲ့ပတ်သက်ပြီး အားကျတဲ့သူတွေရှိလား အစ်ကို။**

ဟုတ် ရှိပါတယ်။ ဟောလီးဝုတ်က နာမည်ကျော်ဒီဇိုင်းနာ အလက်ဇန်းဒါးပါ။

**ဟုတ်အစ်ကို သူ့ကိုဘာဖြစ်လို့ သဘောကျတာလဲ။ ဖြည့်စွက်ပြီးပြောပြပါဦး။**

သူ့ကို သဘောကျတာက သူလုပ်ခဲ့တဲ့လက်ရာတွေက ရိုးရှင်းပြီး လူတွေရဲ့စိတ်ကို ဆွဲဆောင်နိုင်လွန်းလို့ပါ။ ဒါကြောင့်ပါပဲ။

**ဒီဇိုင်နာအလုပ်အပြင် တခြားစိတ်ဝင်စားပြီး လုပ်တာ ဘာရှိလဲအစ်ကို။**

ပန်းထိုးပြီး အလှဆင်တာမျိုးတွေ၊ နောက်ပြီးအကလည်း ဝါသနာပါတယ်။ ကိုယ်တိုင်ကလည်း ရိုးရာနဲ့ဆိုင်တဲ့အကလည်း လိုက်သင်ပေးသေးတယ်။ ဒါပေမယ့် အခုနောက်ပိုင်းတော့ ဒီဇိုင်နာအလုပ်ကို အချိန်ပေးချင်လို့ အက လိုက်သင်ပေးတာကို လျှော့လိုက်တယ်။

**နောက်ပြီး ဒီ Miss J.L.H ပွဲမှာ ဝတ်စုံဒီဇိုင်းတွေအပြင် စတိတ်စင်ဒီဇိုင်းတွေကိုလည်း အစ်ကိုကိုယ်တိုင် လုပ်ထားတယ်လို့ ကြားတယ်။ ဘယ်လိုကြောင့် လုပ်ဖြစ်သွားတာလဲ။**

ဟုတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လုပ်ခဲ့တဲ့ဒီဇိုင်းပါ။ ခုနကပြောသလိုပေါ့။ ကျွန်တော်က ကိုယ်တိုင်ဝင်လုပ်လိုက်မှ ကျေနပ်တာဆိုတော့။ တခြားတော့ ထွေထွေထူးထူး မလုပ်ထားပါဘူး။ လူငယ်တွေရဲ့ပွဲလည်း ဖြစ်နေတော့ ဒီနေ့ခေတ်တွေမှာ လုပ်နေတဲ့ပွဲတွေအတိုင်း လုပ်မယ့်လုပ် တစ်ခါတည်း ထူးထူးခြားခြားလေး ဖြစ်အောင် ပုံမှန်မြင်နေကြမြင်ကွင်းထက် ပိုထူးသွားအောင် ရှေ့က အဝိုက်လေးထည့်လိုက်တာပဲ။

**ဟုတ်အကို အခုလိုဖြေပေးတဲ့အတွက် ကျေးဇူးပါ။**

ကျွန်တော်လည်း အခုလိုလာမေးပေးတဲ့အတွက် မြစ်ကြီးနားသတင်းဂျာနယ်ကို ကျေးဇူးတင်ပါတယ်။

ဆိုင်း(ကချင်မြေ)၊









# Miss J LH Myitkyina 2018 Winner အလှမယ်နှင့် တွေ့ဆုံခြင်း




ယခုတစ်ပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ် (JLH)မှ ကြီးမှူးကျင်းပခဲ့သော တက္ကသိုလ်ပေါင်းစုံမှ ကချင်တိုင်းရင်းသူလေးများ၏ Miss JLH Myitkyina 2018 WINNER ဆုရှင် အလှမယ် အူဒန်ဂျာရိန်အောင်နှင့်ကို တွေ့ဆုံမေးမြန်းထားပါတယ်။

ထိုပြိုင်ပွဲကြီးအတွက် လူပေါင်းအများအပြားလျှောက်ထားသည့်အနက်မှ အဆင့်ဆင့်စိစစ်ပြီး ဆန်ကာတင် အယောက် ၂၀ ကို ရွေးချယ်ကာ Winner ကို ရွှေသားစစ်နှင့် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသောသရဖူကို အလှမယ်အူဒန်ဂျာရိန်အောင်က ရရှိသွားခဲ့ပါတယ်။

သူမကတော့ မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်မှာနေထိုင်နေပြီး ဦးအူဒန်ဘရန်အောင်နှင့် ဒေါ်ဝူနော့ထုရိန်တို့၏ သမီးကြီးဖြစ်ပြီး မွေးချင်းမောင်လေးတစ်ယောက် ရှိပါတယ်။ ယခုသူမဟာဆိုရင်မြစ်ကြီးနားနည်းပညာတက္ကသိုလ်မှာ EC (Electronic and Communication) ဘာသာရပ်ဖြင့် ပညာသင်ယူနေသော ပထမနှစ်ကျောင်းသူလေးပဲ ဖြစ်ပါတယ်။

**ပထမဆုံးအနေနဲ့ ညီမလေးရဲ့ အကြောင်းကို ပရိသတ်တွေ သိအောင် မိတ်ဆက်ပေးပါဦး။**

ဟုတ်ညီမနာမည်က အူဒန်ဂျာရိန်အောင်လို့ ခေါ်ပါတယ်။ သူငယ်ချင်းတွေကတော့ RAIN လို့ ခေါ်ကြပါတယ်။ ညီမမွေးရက်ကတော့ ဩဂုတ် ၂၁ ဖြစ်ပြီး ၂၀၀၀ခုနှစ်ဖွားပါ။

**မြစ်ကြီးနားမြို့ ဇရာရပ်ကွက်မှာ ညီမလေးအနေနဲ့ ဒီပြိုင်ပွဲဝင်ပြိုင်ဖြစ်ပုံကို ပြောပြပေးပါဦး။**

ပထမဦးဆုံး ကျောင်းကအစ်မတစ်ယောက်က အရိန်ကို ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ Form လာပေးတယ်၊ အရိန်းကလည်း Miss ပြိုင်ပွဲဆိုအရမ်းစိတ်ဝင်စားတယ်၊ အမေကလည်း သဘောတူတယ်၊ အဖေကတော့ အစပိုင်း အဲ့ရိန်က ငယ်သေးတော့ သိပ်မပြိုင်ခိုင်းစေချင်ဘူး။ ဒါပေမဲ့နောက်ဆုံးတော့ သဘောတူလိုက်တယ်ပေါ့နော်။ အဲ့ဒါကြောင့် ဝင်ပြိုင်ဖြစ်တာပါ။

**ညီမရဲ့ပထမဆုံးအတွေ့အကြုံမှာ Winner တစ်ယောက်ဖြစ်သွားတော့ ဘယ်လောက်ထိအောင် ပျော်ရွှင်ခဲ့လဲ။**

အရမ်း ပျော်ရွှင်ရပါတယ်။ တကယ်တော့အဲ့ရိန်ရမယ်လို့ လုံးဝမထင်ထားဘူးပေါ့နော်။ ဘာလို့လဲဆိုတော့ အားလုံးကအဲ့ရိန်ထက် သာတာတွေချည်းပဲဆိုတော့ အခုလိုရတာကလည်း ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ရတာပါ။

**ညီမလေး ပြိုင်ပွဲဝင်နေစဉ်မှာ စိတ်ဓာတ်ကျတာတွေရော ရှိဖူးလား။**

ဟုတ် ရှိပါတယ်။အရိန်းက ဒေါက်ဖိနပ် လုံးဝမစီးတတ်တဲ့အတွက် အရမ်းစိတ်ဓာတ်ကျခဲ့ရတယ်။ အဲ့ကြောင့် အရိန် အများကြီး ကြိုးစားခဲ့ရပါတယ်။

**ဟုတ် ညီမလေးအနေနဲ့ ဒီပြိုင်ပွဲကို ဘယ်လိုမျိုး အကောင်းဆုံးယှဉ်ပြိုင် သွားသလဲပေါ့နော်။**

အဓိကကတော့ ညီမလေးကိုအားပေးတဲ့သူတွေ၊ပြီးတော့ ညီမလေးကို ပြိုင်ပွဲအစကနေအဆုံး နေပူ၊မိုးရွာမရှောင်အကြိုအပို့လုပ်ပေးတဲ့မိဘတွေရဲ့ အားပေးမှုကို လေးစားပြီး အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။

**ညီမလေးအနေနဲ့ Hparat Ningja Shayi Crown ရထားတဲ့အပေါ် ဝန်ထုပ်ဝန်ပိုးရော ဖြစ်သလား။ပြီးတော့ညီမလေးကိုယ်တိုင် ပြင်ဆင်ရမယ့်အပိုင်းတွေရှိလား။ နောက်ထပ်ပြိုင်ပွဲတွေရော ဝင်ဖို့ရှိလား။**

အရိန်အနေနဲ့ ဝန်ထုပ်ဝန်ပိုးတော့မဖြစ်ပါဘူး။ ပြင်ဆင်ရမယ့်အပိုင်း ဆိုရင်တော့ အရိန်းကစကားအရမ်းနည်းတယ်။ အဲ့ကြောင့် Communication skill တွေ Public speaking တွေဆိုအရမ်းအားနည်းတယ်။ အဲ့တာကတော့ အရိန်းပြင်ဆင်ရမယ့်အပိုင်းပေါ့နော်။အခွင့်အရေးရမယ်ဆိုရင်တော့ ပြိုင်ချင်ပါတယ်။

**နောက်ဆုံးအနေနဲ့ လူငယ်ပရိသတ်တွေကို ဘာများပြောချင်ပါသလဲပေါ့နော်။**

ဟုတ် အရိန်ကိုအားပေးတဲ့ ပရိသတ်တွေကို အများကြီးကျေးဇူးတင်ပါတယ်။ပြီးတော့ ကိုယ်နဲ့ သင့်တော်တဲ့ပြိုင်ပွဲ၊ တရားမျှတတဲ့ပြိုင်ပွဲဆိုရင် ရဲရဲကြီးပါဝင်ယှဉ်ပြိုင်ဖို့တိုက်တွန်းချင်ပါတယ်။

ဟုတ် အခုလိုဖြေကြားပေးသွားတဲ့ ညီမလေးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဟုတ် ညီမလည်း မြစ်ကြီးနားသတင်းဂျာနယ်ကို အများကြီးကျေးဇူးတင်ရှိပါတယ်ရှင့်။


**Benadeth**

# ကျန်းမာရေးအတွက် အားကစား လုပ်ကြစို့

မြစ်ကြီးနားမြို့မှာ မနက်ခင်းနဲ့ ညနေခင်း ဖြိုးတော့ ညအထိ ပြည်သူ့အားကစားကွင်းထဲမှာသီချင်းသံမြူးမြူးလေးနဲ့ကိုယ်လက်လှုပ်ရှား အားကစားလုပ်နေကြတာ တွေ့ကြရမှာပါ။ အဖွဲ့လိုက်ဦးဆောင် က နေကြတဲ့သူတွေရဲ့နောက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ မကတတ် ကတတ် လိုက်ကနေကြတာကိုလည်း တွေ့ရတယ်။

မူးယစ်ဆေးဝါးပေါ်များလာတဲ့ မြစ်ကြီးနားမြို့ကြီးမှာ အခုလို အသက်အရွယ်မရွေး ကျားမ မရွေး ပါဝင်ပြီး အားကစားလုပ်နေကြတာ တွေ့ရတော့ ဝမ်းသာစရာပါပဲ။ ဒီဘက်ခေတ်လူငယ်တွေမှာ တချို့ဆိုင်ကယ်ပေါ်ကမဆင်း၊ လမ်းထိပ်ပဲသွားသွား၊ ဘေးအိမ်ပဲသွားသွား ဆိုင်ကယ်နဲ့မှ သွားတတ်ကြတာမျိုး။ လိုင်စင်မဲ့ကားတွေ ပေါလာတော့ အခုဆို ကားပဲစီးတတ်ကြတော့တယ်ဆိုတာမျိုးတွေ တွေ့တွေ့နေရတယ်။ စက်ဘီးတောင် မစီးကြတော့။ အခုနောက်ပိုင်းမှာတော့ စက်ဘီးစီးတဲ့အဖွဲ့တွေ၊ အားကစားကွင်းမှာ အကအဖွဲ့တွေ၊ ဖူဆယ်ကွင်းလေးတွေ များလာတော့ ဘောလုံးကန်ကြတာတွေ ပြန်လှုပ်ရှားလာကြတယ်။ ပီတိဖြစ်မိပါတယ်။ ဦးဆောင်ပြီး လှုပ်ရှားတဲ့သူတွေကို လေးစားမိတယ်။ သီချင်းရဲ့သံစဉ်အတိုင်း လိုက်ပါစီးမျောပြီး ကပေးတာဟာ စိတ်ကို တည်ငြိမ်စေပါတယ်။ စိတ်ခံစားမှုတွေကိုလည်း ကောင်းမွန်စေပြီး ခန္ဓာကိုယ်ကိုဆွဲဆန့်ပေးသလိုဖြစ်လို့သင့်ကို အရပ်ရှည်စေပါလိမ့်မယ်။ သင့်အိမ်က သားသားမီးမီးတွေကို အကပုံမှန်ကခိုင်းတာကလည်း သူ့ဘဝအတွက် တက်လမ်းတွေကို လမ်းဖွင့်ပေးတာနဲ့ အတူတူပါပဲ။ အကကတာဟာ ကလေးတွေကို ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်တိုးတက်ဖို့အတွက် အကောင်းဆုံးအချက်ပဲနော်။ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးလိုက်ရင် အမျိုးသမီးတွေ ခန္ဓာကိုယ်ပုံပျက်စေတယ်ဆိုပေမယ့်အကကခြင်းနဲ့ ယောဂလေ့ကျင့်ခန်းတွေ ပုံမှန်လုပ်ဆောင်ပေးခြင်းနဲ့လည်း ကိုယ်ခန္ဓာအလှအပပျက်စီးခြင်းကို တားဆီးပေးနိုင်ပါတယ်။





ယောဂလေ့ကျင့်ခန်းဟာ စိတ်နေစိတ်ထားနဲ့ ခန္ဓာကိုယ်အတွက် ကောင်းမွန်ပါတယ်။ စိတ်ဖိစီးမှုလည်း ကင်းဝေးစေပါတယ်။ လေ့ကျင့်ခန်း ပုံမှန်လုပ်ပေးမယ်ဆိုရင် ဦးနှောက်ကို သက်သောင့်သက်သာဖြစ်စေပြီး ကျန်းမာပျော်ရွှင်စေနိုင်လို့အောင်မြင်မှုကိုဆွတ်ခူးလာနိုင်မှာပါ။

မြစ်ကြီးနား ပြည်သူ့အားကစားကွင်းမှာ ပုံမှန်ကဖြစ်နေတဲ့ ညီမလေး Mickey Lee နဲ့ စကားစပ်မိတော့ သူမကပြောတယ်။"တချို့တွေကရှက်တတ်တာတို့ ကြောက်တတ်တာတို့ ရှိတယ်လေ။ ညီမလည်း စစချင်းဝင်မကရဲဘူးနောက်တော့ ကျန်းမာရေးအတွက်လည်း ကောင်းတယ်။ ဝိတ်လည်း ကျတယ်။ သူငယ်ချင်းတွေလည်း ရတယ်။ အရမ်းပျော်ဖို့ကောင်းတယ် လာမကရဲတဲ့သူတွေလည်း ဘာမှကြောက်စရာမလိုဘူး။ ရဲရဲသာက စစချင်း မကတတ်ဘူးနောက် ၁၀ ရက်ကျော်လောက်ဆို ကတတ်သွားလိမ့်မယ်"လို့ ပြောတယ်။

အကကတယ်ဆိုတာ ကကွက်အတိုင်း စနစ်တကျကတာမျိုးမှခေါ်တာမဟုတ်ဘဲ ခြေတွေ လက်တွေ ကိုယ်ခန္ဓာကို ယိမ်းနွဲ့လှုပ်ရှားပေးနေတာကလည်း ကတာပါပဲ။ ပြည်သူ့အားကစားကွင်းမှာ မနက်ပိုင်းကတဲ့ တစ်ဖွဲ့ရှိနေပြီး Mickey Lee တို့အဖွဲ့ကတော့ ညနေတိုင်း ခြောက်နာရီပုံမှန်ကဖြစ်တယ်လို့ ဆိုပါတယ်။

ဝေဝေ